# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၂)ရက် ၊ သောကြာနေ့ ၊ (23-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနဝ္ဂအာဇာနည်အရှင်သူမြတ်တို့ကို အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း



**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဝ္ဂအာဇာနည်အရှင်သူမြတ် ၉၇ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့်အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဝ္ဂအာဇာနည်အရှင်သူမြတ်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ဧည့်ပရိသတ်များနှင့် အလှူရှင်များက ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၂၃ ရက်

အယ်ဒီတာ့အာဘော်

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ

အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပေသည်။

ထို့ပြင် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်ကုန်များရရှိရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စား (MSME) ကို အခြေခံသည့် လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ဆောင်ရွက်ခြင်းသည် အကျိုးများစွာဖြစ်ထွန်းစေပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

**"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့် အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့အချိန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် MSME လုပ်ငန်းပေါင်း ရှစ်သောင်းကျော်ရှိပြီး ၄၃၀၀ ကျော်ကို SME Member ကတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ အဆိုပါ MSME လုပ်ငန်းများတွင် လုပ်သားဦးရေ ၄၆၄၀၀၀ ကျော်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း"** မေ ၂၀ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်တွင်းမှထွက်ရှိသည့်ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုကိုဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးရှိစေမည်ဖြစ်သည်။ MSME လုပ်ငန်းများအတွက် ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များ လိုအပ်သည်။ ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းလိုအပ်မှုမရှိစေရန် ပြည်ပမှကုန်ကြမ်းများဝယ်ယူခြင်းထက် ပြည်တွင်းနှင့်ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများနှင့် သဘာဝသယံဇာတကုန်ကြမ်းများကို အသုံးပြုကြရမည်ဖြစ်သည်။

MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် MSME လုပ်ငန်းများတွင် ထုတ်လုပ်မှုကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ရှိသည်။ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုသည်။ သို့မှသာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခြေခံကျသော လုပ်ငန်းများဖြစ်သကဲ့သို့ အထောက်အကူလည်းပြုစေသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးနေသကဲ့သို့ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူတကွ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဂျုတ်များ ရာနှုန်းပြည့်ခူးဆွတ်ပြီးစီး

**မြောင်းမြ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဂျုတ်များ ရာနှုန်းပြည့် ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုတ် ၇၀၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ဂျုတ်များကို ယခုနှစ် မတ်လ ပထမပတ်မှ စတင်ခူးဆွတ်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဂျုတ်ဧက ၇၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံး ခူးဆွတ် ပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အထွက်နှုန်းနဲ့ အရည်အသွေးကောင်း ဂျုတ်အမျိုးအစားတွေကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ဂျုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေ အားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဂျုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၄၁၀ စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၄၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် မြေပဲဧက ၁၄၁၀ စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်တွင် မြေပဲသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း မြေပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလထဲမှာ စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်နေပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးနိုင်တဲ့ အနေအထားမှာလဲ ရှိပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်ရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းယူခြင်းကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဘားအံမြို့နယ် ကော့ကရက်ထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်



**ဘားအံ မေ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝင်းကျန်ကျေးရွာအုပ်စု ကော့ကရက်ထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိဒေါ်တင်ဇာလီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ဆက်လှ**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်တွင်းကြီးမြို့နယ် အောင်းပေါက်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**တောင်တွင်းကြီး မေ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကိုင်းကျေးရွာအုပ်စု အောင်းပေါက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)သည် ကျေးရွာ၏ လိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ခွင့်ရှိသော စီမံကိန်းဖြစ်ကြောင်း၊ ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ခွင့်ရရှိ၍ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို စနစ်တကျစုပေါင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အောင်းပေါက်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်မှုတို့နှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နွံ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးဖိုးပါ၊ သား-မောင်ရဲမြတ်သူ၊ သမီး-မအေးငြိမ်းသူ မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရွှေဘိုခရိုင်တွင် လာမည့် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၀၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် လာမည့်မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၀၂၅ ဧက စိုက်ပျိုး သွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၃၁၆ ဧက၊ ခင်ဦးမြို့နယ်တွင် ဧက ၄၂၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၂၈၉ ဧက စုစုပေါင်း ၃၀၂၅ ဧကတို့ဖြစ်ကြောင်း၊ ထောပတ်ပဲ စိုက်ပျိုးမှုကို ယခုနှစ်ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ထောပတ်ပဲဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်” ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကိုသီးသန့်စိုက်ပျိုးကြသကဲ့သို့ တချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပနိုင်ငံများသို့ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် ထောပတ်ပဲကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

(၂၀၆)

# အင်္ဂပူမြို့နယ် ကြို့ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၀၁ သန်းကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြို့ပင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၈၀ ကို ငွေကျပ် ၅၀ ဒသမ ၀၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလ အတွင်း ကွမ်းသီးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၉၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၁၂၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဧပြီလအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် အများအပြား ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းတဲ့အပြင် စနစ်တကျသန့်စင်ထုပ်ပိုးပြီး တင်ပို့တာဖြစ်ပါတယ်။ လက်ရှိ ဓနုဖြူမြို့နယ်ကထွက်ရှိတဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှုများပြားနေပါတယ်" ဟု ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းသီးများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ကွမ်းသီးစိုက်ပျိုးသူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေလာကြောင်း ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မိုးဦးကျစမှာ ဖြစ်လေ့ဖြစ်ထရှိကြတဲ့ အန္တရာယ်သုံးသွယ်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

မိုးဦးကျစလေပြီ။ မိုးဦးကျလေပြီ။

မိုးဦးကျစမှာ ဖြစ်လေ့ဖြစ်ထရှိသော အန္တရာယ်သုံးသွယ်ရှိသည်။ ထိုအန္တရာယ်သုံးသွယ်မှာ မိုးဦးကျခါစမှာ ဖြစ်လေ့ဖြစ်ထရှိသော **"ယင်အန္တရာယ်၊ ယာဉ်အန္တရာယ်"** နှင့် **"လျှပ်စစ်အန္တရာယ်"** များ ဖြစ်ကြသည်။ ထိုအန္တရာယ်သုံးသွယ်သည် မိုးဦးကျသည်နှင့်တစ်ပြိုင်နက် လူများကိုဒုက္ခပေးရန်အတွက် ပြိုင်ဘက်များအလား အလုအယက် ပြေးထွက်လာကြလေ့ရှိသည်။

ပထမဦးစွာ လူတွေအမှုမဲ့အမှတ်မဲ့ ဥပေက္ခာပြုလျစ်လျူရှုနေကြသော **"ယင်အန္တရာယ်"** ကို စတင်အသိပေးလိုသည်။ မိုးဦးကျစမှာ သရက်သီးမှည့်များ၊ ဒူးရင်းသီး၊ ပိန္နဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီးနှင့် အမှည့်လွန်သောအသီးများ မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ကြီးပေါ်များလာလေ့ရှိရာ အဆိုပါသီးမှည့်များနှင့် ခတ်တည့်မိတ်ဖက်များဆိုက မမှားသောယင်ကောင်များကလည်း ဖွားဖက်တော်များအလား ပေါ်များပေါက်ပွားလာကြလေ့ရှိသည်။

မေလမှာ ယင်ကောင်တစ်ထောင်ရှိလျှင် ဇွန်လမှာ ယင်ကောင်ပေါင်း သောင်း၊ သိန်း၊ သန်းချီပြီး သောင်းကျန်းလေ့ရှိကြသည်။ သာဓကတစ်ရပ်ကိုတင်ပြရလျှင် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း သတင်းစာဖတ်နေစဉ် သတင်းစာကိုကိုင်ထားသော လက်မောင်းမှာ ပျားစွဲနေသည့်အလား ယင်ကောင်များစုနေကြသည်။ အဖြူရောင်သတင်းစာပေါ်တွင်လည်း ယင်ကောင်များက အလုအယက်စုပြုံဝိုင်းအုံကြလေရာ အမည်းရောင်လွှမ်းနေသောကြောင့် ဆေးမင်ကြောင်ထိုးထားသူတစ်ဦး၊ ကြော်ငြာစာရွက်အမည်းရောင်ကို ကိုင်ဆောင်နေသယောင် အထင်မှားနိုင်ခြေရှိနေသည်။

ထိုမျှသာမကသေးပါ။ လက်ဖက်ရည်၊ ဘီယာ၊ ချိုချဉ်၊ ဖန်၊ ခါး စားသောက်စရာများကိုလည်း ယင်ကောင်တွေက တွေ့မရှောင်၊ ဖင်ထောင်ပြီး နားခိုစားသောက်နေကြလေ့ရှိသည့်အပြင် **"အညီရှိ ယင်အုံ"** ဆိုသည့်စကားပုံနှင့်အညီ အညှီအဟောက်၊ အပုပ်အစပ်ရှိကြသည့်နေရာစုံမှာလည်း သွားရောက်စုပြုံစားသောက်နေကြလေ့ရှိရာ ထိုယင်ကောင်များမှာ ရောဂါပိုးမြောက်မြားစွာ ကပ်ပါလာကြပါတော့သည်။ ထို့ကြောင့် ယင်နားစာများကို စားသုံးမိကြပါက ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းဖောရောဂါများအပြင် ကာလဝမ်းရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် သံကောင်တုပ်ကောင်ရောဂါများ ဖြစ်ပွားလာကြကာ ကူးစက်ရောဂါအဆင့်သို့ ပျံ့နှံ့သွားလေ့ရှိသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက မိုးဦးကျစအချိန်တိုင်းတွင် ဆောင်ရန်ရှောင်ရန်များကို နှိုးဆော်ကြေညာပေးနေရသည်။

ဒုတိယ **"ယာဉ်အန္တရာယ် "**ကလည်း ကမ္ဘာ့ကြောက်လန့်စရာထိတ်တန်းဝင်၊ အန္တရာယ်ဖြစ်နေသည်။ ကျန်းမာရေးကဏ္ဍတွင် ဟိုး..ရှေးယခင်က ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ ဟူသော ကူးစက်ရောဂါဆိုးကြီးများသာရှိခဲ့ရာမှ တီဘီ၊ အနာကြီး၊ ငှက်ဖျားတည်း ဟူသောကူးစက်ရောဂါများလည်း ထပ်မံပေါ်ပေါက်လာခဲ့သည်။ ယခုမျက်မှောက်ကာလမှာတော့ အေအိုင်ဒီအက်စ်၊ အီဘိုလာ၊ ဆား၊ ကြက်ငှက်တုပ်ကွေး၊ နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ စိတ်ခတ်ကျဆင်းမှုရောဂါများ ဆက်တိုက်ဆင့်ပွားဖြစ်ပေါ်နေသည့်ကြားမှ ချောက်ချားတုန်လှုပ်စရာ အလွန်ကောင်းလှသည့် ကိုဗစ်ကပ်ရောဂါက ပေါ်လာခဲ့ပါသေးသည်။ ယခုထိ ကျန်ရှိနေဆဲပင်။ ထိုကပ်ရောဂါများနည်းတူ **"ယာဉ်အန္တရာယ်"**ကလည်း ကမ္ဘာ့လူသားအားလုံးကို မီးနီ ပြခြိမ်းခြောက်နေလေပြီ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ရောဂါဆိုးများနှင့်ပတ်သက်၍ သုတေသနပြုပြီး အဆင့်ခွဲခြားသတ်မှတ်ထားရာ **"ယာဉ်အန္တရာယ်"** မှာ ၁၉၉၀ ပြည့်နှစ်က ကမ္ဘာ့အဆင့် (၉) သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့် (၃) ထိ သိသိသာသာဖြင့် တက်လာမည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏လမ်းများပေါ်တွင် ယာဉ်အန္တရာယ်ကြောင့် တစ်နှစ်လျှင် လူ ၁ ဒသမ ၃ သန်းခန့်၊ သေဆုံးနေခဲ့ကြပြီး လူသန်းပေါင်း ၅၀ ခန့် ထိခိုက်ဒဏ်ရာရ၊ ဒုက္ခိတဖြစ်နေကြကြောင်း၊ တစ်နာရီလျှင် ယာဉ်မတော်တဆမှုပေါင်း ၄၀၀ ကျော်ဖြစ်ပွားနေပြီး တစ်ရက်လျှင် လူဦးရေ

**❖ကျွန်တော်တို့နိုင်ငံတွင် ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ နည်းလမ်းပေါင်းစုံဖြင့် အလေးထားဆောင်ရွက်နေခဲ့ကြသော်လည်း ကားနှင့်ဆိုင်ကယ်များက အလွန်များပြားနေသောကြောင့် ယာဉ်အန္တရာယ်များက တစ်နေ့တခြားတိုးပွားနေသည်။ ဟိုး..ယခင်က တစ်နှစ်လျှင် ယာဉ်အန္တရာယ် ငါးထောင်နှင့် ခြောက်ထောင်ကြား ဖြစ်ပွားခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၆၉၃၉ မှု၊ ခုနစ်ထောင်ခန့်အထိ မြင့်တက်လာခဲ့သည်။ ထိုမြင့်တက်လာမှုအရှိန်အဟုန်က လျော့နည်းမသွားဘဲ တစ်နှစ်ထက်တစ်နှစ် ပို၍ဖြစ်ပွားလာခဲ့ရာ ယနေ့ထိပို၍ပို၍ မြင့်တက်နေဆဲဖြစ်သည်။❖**

၃၀၀၀ ခန့် သေဆုံးနေကြောင်း အမေရိကန်နိုင်ငံတွင် နှစ်စဉ် လူဦးရေ ၄၄၀၀၀ ခန့်သေဆုံးနေကြလေရာ ရှစ်နှစ်ကြာခဲ့သော ဗီယက်နမ်စစ်ပွဲ၌ လူ ၄၇၃၉၃ ဦး သေဆုံးခဲ့ကြသည့်ပမာဏနှင့် နှိုင်းယှဉ်ကြည့်ပါက ယာဉ်အန္တရာယ်ကြောင့် သေဆုံးနေရမှုက ကြောက်ခမန်းလိလိ တိုးပွားများပြားလာကြောင်း **"ကမ္ဘာလုံးဆိုင်ရာလမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ကြီး၏ အစီရင်ခံစာ"** ထဲတွင် အတိအလင်း ဖော်ပြကြေညာခဲ့သည်။

ကျွန်တော်တို့နိုင်ငံတွင် ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ နည်းလမ်းပေါင်းစုံဖြင့် အလေးထားဆောင်ရွက်နေခဲ့ကြသော်လည်း ကားနှင့်ဆိုင်ကယ်များက အလွန်များပြားနေသောကြောင့် ယာဉ်အန္တရာယ်များက တစ်နေ့တခြား တိုးပွားနေသည်။ ဟိုး..ယခင်က တစ်နှစ်လျှင် ယာဉ်အန္တရာယ် ငါးထောင်နှင့် ခြောက်ထောင်ကြား ဖြစ်ပွားခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၆၉၃၉ မှု၊ ခုနစ်ထောင်ခန့်အထိ မြင့်တက်လာခဲ့သည်။ ထိုမြင့်တက်လာမှုအရှိန်အဟုန်က လျော့နည်းမသွားဘဲ တစ်နှစ်ထက်တစ်နှစ်ပို၍ ဖြစ်ပွားလာခဲ့ရာ ယနေ့ထိ ပို၍ပို၍မြင့်တက်နေဆဲဖြစ်သည်။ အလွန်ပင် ထိတ်လန့်တုန်လှုပ်စရာပင်ကောင်းလာသည်။ယာဉ်တိုက်မှုဖြစ်ပွားသူအချင်းချင်း အပေးအယူမျှကာ ပြေလည်သွားကြသည့် ယာဉ်အန္တရာယ်စာရင်းကိုသာရပါက မြန်မာ့ယာဉ်အန္တရာယ်ကလည်း ကမ္ဘာ့ယာဉ်အန္တရာယ်ကို ဖုံးလွှမ်းသွားမှာသေချာနေသည်။

ချိန်ခါမရွေး အန္တရာယ်ပေးနေသော ယာဉ်အန္တရာယ်က အခြားသောရာသီများထက် မိုးဦးကျစ ပိုမိုဖြစ်ပွားနေရခြင်းမှာ (၁) လမ်းများပေါ်တွင် လပေါင်းများစွာ တင်ရှိနေကြသော စက်ဆီ၊ ချောဆီများမိုးကြောင့် အရည်ပျော်ကုန်ကြပြီး လမ်းများချော်ကုန်ကြခြင်း (၂) လမ်းများပေါ်တွင် နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိကျကျန်ခဲ့ကြသော မြေစိုင်ခဲများ မိုးရေကြောင့် ရွှံ့ညွန်များဖြစ်ကာ လမ်းများချော်ကုန်ကြခြင်းများကြောင့် ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှုများ ပိုမိုဖြစ်ပေါ်နေခြင်းဖြစ်သည်။ ထို့ပြင် အခြားခြောက်သွေ့ရာသီများကဲ့သို့ မိုးဦးကျစမှာ အရှိန်ပြင်းစွာမောင်းခြင်း၊ ကားဘီးများမှာ ပန်းမရှိဘဲ မောင်းခြင်း၊ လေပေါင်ချိန်များခြင်း၊ ကောင်းမွန်သောရေသုတ်တံမပါခြင်း၊ ကုန်ကားကြီးများ ဟန်ချက်မညီခြင်း၊ မိုးရွာမိုးအေးနေချိန်တွင် ဘောလုံးသမားအကြိုက်ဟုဆိုကာ အအေးခံအပူရည် အရက်သောက်သုံးပြီးမောင်းခြင်း၊ ရှေ့မီးကြီးများကိုမဖွင့်ကြဘဲ မောင်းခြင်းများကြောင့်လည်း ယာဉ်အန္တရာယ်မျိုးစုံကို ဖြစ်ပွားနေစေသည်။

သာမန်အချိန်တွင် **မိုင် ၁၂၀ နှုန်းမောင်းလာသောကားကို ရုတ်တရက် ဘရိတ်အုပ်လိုက်ပါက ရှေ့သို့ ပေ ၃၀၊ မိုင် ၁၁၀ နှုန်း မောင်းလာသောကားကို ရုတ်တရက် ဘရိတ်အုပ်လိုက်ပါက ရှေ့သို့ ပေ ၂၀၊ မိုင် ၈၀ နှုန်းမောင်းလာသောကားကို ရုတ်တရက် ဘရိတ်အုပ်လိုက်ပါက ရှေ့သို့ ၁၀ ပေထိ လျှောသွားနိုင်ကြောင်း** သုတေသီများက စစ်တမ်းထုတ်ထားသည်။

ဤသည်မှာ ပူပြင်းခြောက်သွေ့ရာသီ ဆောင်းရာသီ လမ်းများစိုစွတ်ခြင်းမရှိကြဘဲ ပကတိပုံမှန်အနေအထားများမှာ ရှိနေကြသောအချိန်တွင် ဖြစ်လေ့ဖြစ်ထရှိကြသည့် ကားရွေ့လျားမှုအရှိန်နှုန်းဖြစ်သည်။ အကယ်၍သာ မိုးဦးကျစ၊ စက်ဆီချောဆီများ အရည်ပျော်လမ်းချော်နေကြချိန်တွင် အရှိန်မြင့်မောင်းလာသော ကားကရုတ်တရက် ဘရိတ်အုပ်လိုက်ပါက ရှေ့သို့ရွေ့လျားမှုနှုန်း ပို၍များပြားပြီး ကားချင်းတိုက်ကာ ထိခိုက်သေကျေဒဏ်ရာရ၊ ဒုက္ခိတဖြစ်ကုန်ကြပေလိမ့်မည်။

ယာဉ်မောင်းသူတိုင်း မိမိကားကို မထွက်ခွာမီကပင် ကားကြံ့ခိုင်ရေးအတွက် **"ပေါက်ရင်ဖာ၊ ပြုတ်ရင်တပ်၊ ချောင်ရင်ကျပ်၊ အဲဒါဟာ သေမင်းကိုနိုင်တဲ့လက်နက်"**ဟု သတိပေးထားသေးသည်။ **"ကားကိုမမောင်းခင်မှာ စစ်ဆေးဖို့မမေ့နဲ့" "သတ်မှတ်ထားတဲ့စည်းကမ်းကို လိုက်နာမလား။ မလိုက်နာဘူးလား။ အရွေးမှားရင် အသက်ပေးရမယ်"** ဟုလည်း ကြောက်လန့်အောင် လှုံ့ဆော်ကြေညာထားသေးသည်။ သို့သော် ကျွဲပါးစောင်းတီး အချည်းနှီးဖြစ်နေကြသော ယာဉ်မောင်းများကြောင့် အပြစ်မဲ့ခရီးသည်များ အချောင်သေကျေဒဏ်ရာရ ဒုက္ခိတဖြစ်နေကြရသည်။

ယခုဆိုလျှင် အထွေထွေအကျပ်အတည်းများကြောင့် ယာဉ်စည်းကမ်းလိုက်နာမှုမှာ အလွန်ပင်စိတ်ပျက်အားငယ်ဖွယ်ကောင်းနေသည်။ လုံခြုံရေးကြောင့် စည်းကမ်းထိန်းသိမ်းနိုင်မှု အားနည်းမှုအပေါ် အခွင့်အရေးယူကြကာ မင်းမဲ့စရိုက်ဆန်ဆန် စည်းပျက်ကမ်းပျက် ရမ်းကားနေကြသည်။

ယာဉ်အန္တရာယ်ဖြစ်ပွားကြရခြင်း၏ အကြောင်းရင်းများမှ ယာဉ်အန္တရာယ်ဖြစ်ရပ်မျိုးစုံကို အကြောင်းခံပြီး ထုတ်ပြန်သတိပေးထားသည်။

(၁) ယာဉ်မောင်းက သောက်စားမူးယစ်ပြီး မောင်းနှင်ခြင်း၊
(၂) အရှေ့အနောက်ယာဉ်ကြောမှ မောင်းနှင်လာသည့်ယာဉ်များကို အချက်ပြမီးစနစ်ကျင့်သုံးရန် ပျက်ကွက်ခြင်း၊ နားမလည်ခြင်း၊
(၃) မိမိယာဉ်ကြော နောက်ယာဉ်ကလည်း အချက်ပြမီးကိုမကြည့်ဘဲ အလျင်စလို အရှိန်ပြင်းစွာ ကျော်တက်မောင်းနှင်ခြင်း၊
(၄) ဘေးဘယ်/ညာကွေ့တော့မည်ကို အချက်ပြမီးသုံးရန်ပျက်ကွက်ခြင်းနှင့် မှားယွင်းပြသခြင်း၊
(၅) ယာဉ်ကြောတစ်ခုမှတစ်ခုသို့ မထီမဲ့မြင် ကျော်တက်ခြင်း၊
(၆) ညအချိန်အလိုက် မီးကြီးထိုးမှုမြင့်နိမ့်စနစ်ကျင့်သုံးရန်ပျက်ကွက်ခြင်း၊
(၇) ယာဉ်ကိုမမောင်းမီ ယာဉ်ကြံ့ခိုင်နိုင်ရေးစနစ်ကိုကျင့်သုံးရန် ပျက်ကွက်ခြင်း၊
(၈) ညဘက်အချိန်မှာ မီးမရှိဘဲမောင်းနှင်ခြင်း၊
(၉) ဘေးဘယ်/ညာ၊ ရှေ့နောက်ကြည့်မှန်များ မထားရှိခြင်း၊
(၁၀) ယာဉ်မောင်းသူအိပ်ရေးပျက်နေသည့်ကြားမှ မောင်းနှင်ခြင်း၊
(၁၁) ယာဉ်ကြောလမ်းမကြီး၏ ဘေးဘယ်/ညာ နိမ့်/မြင့်နေရာများ၊ လမ်းကွေ့နေရာများမှ တံတားများ၌ ပြသထားသည့် သင်္ကေတအမှတ်အသားများကို မကြည့်ခြင်း၊ နားမလည်ခြင်း စသည်များကို အလေးထား၍ လိုက်နာရှောင်ကြဉ်ကြရန်လိုသည်။

ထို့ပြင် **"မိုင်နှုန်းလေးစား၊ မောင်းသည့်ကား၊ အန္တရာယ်ကင်းမည်မှတ်" "မိုင်နှုန်းမြင့်လျက်၊ ကားကျော်တက်၊ ဆုံးရှုံးမှာက အများအသက်" "စိတ်ရှည်သည်းခံ၊ လမ်းကြောင်းမှန်၊ မောင်းရန်မော်တော်ကား" "မူးလျှင်မမောင်းနှင့်၊ မောင်းလျှင်မမူးနှင့်" "အန္တရာယ်ကင်းစေကြောင်း၊ စိတ်ကြည်လင်မှ ကားကိုမောင်း" "သင့်အား သင့်မိဘ၊ ဇနီး၊ သားသမီးများက ဘေးမသီရန်မခဘဲ အိမ်ပြန်လာချိန်စောင့်မျှော်နေသည်ကို သတိပြုပါ"**ဟုလည်း လှုံ့ဆော်ပညာပေးထားသည်။ သို့သော် အချို့က လိုက်နာခြင်းမရှိကြသောကြောင့် ဘေးဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေကြရသည်။

**လျှပ်စစ်အန္တရာယ်**

မိုးဦးလေဦးကျခါစမှာ လေပြင်းများတိုက်ခတ်ကြသဖြင့် သစ်ပင်များလဲကျ၊ သစ်ကိုင်းများ ကျိုးကျကြရာမှ ဓာတ်ကြိုးများနှင့် ငြိကုန်ကြပြီး ဓာတ်လိုက်သေဆုံးကြရသည့်အန္တရာယ်ကလည်း အလွန်ပင်ကြီးမားလှသည်။ ဓာတ်ကြိုးများ ပြုတ်ကျနေချိန်တွင် လူများနှင့် တိရစ္ဆာန်များ အမှုမဲ့အမှတ်မဲ့ ဖြတ်သန်းဖြတ်လာ၊ သွားလာကြရင်းက ဓာတ်လိုက်သေဆုံးကြရသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၅၀၀ စိုက်ပျိုးသွားမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ တတိယပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်စတဲ့သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးပါမယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍သိရသည်။ (၂၀၆)

➢ **စာမျက်နှာ ၄ မှအဆက်**

ဓာတ်ကြိုးရေထဲပြုတ်ကျနေသည်ကို မသိကြသော ကလေးငယ်များ ဆော့ကစားကြရင်းက ရေထဲဆင်းမိကြသဖြင့် ဓာတ်လိုက်သေဆုံးကြရသည်။ စည်ပင်သာယာနှင့် လျှပ်စစ်ဝန်ထမ်းများကို အသိမပေးကြဘဲ ကိုယ့်အစီအစဉ်ဖြင့် သစ်ပင်ခုတ်လှဲ သစ်ကိုင်းချိုင်ကြရင်းက ဓာတ်ကြိုးများနှင့်ထိငြိပြီး ဓာတ်လိုက်သေဆုံးကြရလေ့ရှိသည်။

ယခုလက်ရှိလျှပ်စစ်မီးက ပျက်လိုက်၊ လာလိုက်ဖြစ်နေလေရာ အမှုမဲ့အမှတ်မဲ့ပြုမှုလုပ်ရှားနေကြသူ ကလေး၊ လူငယ်၊ လူကြီးများအတွက် လျှပ်စစ်အန္တရာယ်ကြုံတွေ့နိုင်ကြသည်။

မိုးဦးကျစနှင့် မိုးရာသီမှာ ဓာတ်လိုက်သေဆုံးမှုများက အခြားရာသီများထက် ပိုမိုများပြားလေ့ရှိသည်။ မိုးရေစိုနေသော ဝါးလုံးချောင်း၊ ဝါးခြမ်းပြား၊ သစ်သားချောင်းများဖြင့် ပြုတ်ထွက်နေသော ဆားဗစ်ကြိုးများ၊ ဓာတ်ကြိုးများကိုထိုးတင်ခြင်း၊ ဖယ်ရှားခြင်း၊ ရေမော်တာနှိုးထားစဉ် သွယ်တန်းထားသော ဓာတ်ကြိုးပေါက်ပြဲနေသည်ကိုမသိဘဲ အမှုမဲ့အမှတ်မဲ့ ကိုင်မိခြင်း၊ ဖိနပ်မပါဘဲ ရေစိုလက်ဖြင့် ရေမော်တာနှိုးခြင်း၊ မီးစက်နှိုးခြင်းများကြောင့်လည်း နှစ်စဉ်ဓာတ်လိုက်သေဆုံးနေကြရသည်။

မြွေဆိုးကိုက်လျှင် မြွေဆိပ်ဖြေဆေးရှိသော်လည်း ဓာတ်လိုက်လျှင်၊ မိုးကြိုးပစ်လျှင် ဖြေဆေးမရှိသည့်အပြင် ချက်ချင်းသေကြရသည်။ လျှပ်စစ်ဌာနက အခါအားလျော်စွာ ကြေညာလှုံ့ဆော်ထားသော ဆောင်ရန်ရှောင်ရန် အသွယ်သွယ်ဖြင့်သာ ကြိုတင်ကာကွယ်ကြရပေမည်။

မိုးရာသီ၏အန္တရာယ်သုံးသွယ်ဖြစ်ကြသော (၁) **ယင်အန္တရာယ်၊** (၂) **ယာဉ်အန္တရာယ်** (၃) **လျှပ်စစ် အန္တရာယ်**များသည် အသက်ဘေးကို ထိခိုက်စေသောအန္တရာယ်များဖြစ်ကြသည်။ သတိမူလျှင် မြူကိုပင် မြင်နိုင်သည်။ စည်းကမ်းလိုက်နာ၊ ဘေးကင်းကွာသည်။ လူမသေလျှင် ငွေကိုရှာဖွေ၍ရနိုင်သည်။ လူ့အသက်ထက် တန်ဖိုးရှိတာ ဘာမျှမရှိ။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ ထို့ကြောင့် အသက်ကို ဉာဏ်စောင့်ဆိုသကဲ့သို့ မိုးရာသီအန္တရာယ်များကို မမေ့မလျော့၊ မပေါ့မဆကြဘဲ စည်းကမ်းရှိရှိ အသိသတိ၊ ဉာဏ်မျက်စိကိုယ်စီဖြင့်သာ ကြိုတင်ကာကွယ်ကြစေချင်ပါသည်။

## ကျောင်းအပ်နှံကြပါစို့

- အတတ်သင်စေ မိဘများရယ်က
အဓိကထား ကျောင်းအပ်ပါ၊
ကလေးငယ် ပညာရေး
မျှော်တွေးလို့သာ၊
ပေါင်းစည်းကြ မိဘဆရာ
ကလေးပညာ တတ်မြောက်ရေး၊
ကျောင်းနေအရွယ် စာပေတတ်ဖို့
ကျောင်းအပ်စို့လေး။

- ကျောင်းမဖွင့်မီ ရက်သတ္တပတ်
ရက်မြတ်ရွေး အချိန်ခါ၊
အနာဂတ်မှာ ကောင်းစားဖို့
ကျောင်းတော်ပို့ပါ၊
ဘဝရှေ့ရေး အတတ်ပညာ
ရင်သွေးရတနာ ပညာအမွေပေး၊
မေနှစ်ဆယ်နှစ်ရက်မှ ဇွန်တစ်ရက်ထိ
သီတင်းပတ်မှာ မပြတ်အမှန်
အပ်နှံစို့လေး။

- အဖြူအစိမ်းကို ဝတ်ဆင်ပေးလို့
ခေါင်းလောင်းသံလေး သံချိုချို၊
မိဘဆရာ ပူးပေါင်းလို့
ကျောင်းတော်ကကြို၊
စိတ်ဓာတ်စည်းကမ်း ပညာကို
ရင်မှာသို အလေးထား၊
ထိန်လျှမ်းတင့်ကာ...
စိန်ပန်းပွင့်ဖြာ ဝသန်ဦးမှာ
မြူးပျော်ကာ စုပေါင်းလို့
ကျောင်းတော်သို့သွား။ ။

ရွှေတိုး(ထုံးဘို)

## နိုင်ငံတကာ သတင်းများ

# ရွေးကောက်ပွဲကို ဒီဇင်ဘာလတွင်ကျင်းပသင့်ကြောင်း ဘင်္ဂလားဒေ့ရှ် တပ်မတော်အကြီးအကဲပြောကြား

ဒါကာ မေ ၂၂

ဝန်ကြီးချုပ်ဟောင်းရှိတ်ခ်ဟာဆီနာ ရာထူးမှ ဖြုတ်ချခံရပြီးနောက်ပိုင်း ပထမဆုံးအထွေထွေရွေးကောက်ပွဲကို ယခုနှစ်ဒီဇင်ဘာလတွင် ကျင်းပသင့်ကြောင်း ဘင်္ဂလားဒေ့ရှ်တပ်မတော်အကြီးအကဲက ပြောကြားထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်ဩဂုတ်လအတွင်း အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကြောင့် ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခဲ့ရပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရ အဖွဲ့အနေဖြင့် အထွေထွေ ရွေးကောက်ပွဲကျင်းပမည့်နေ့ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အထွေထွေရွေးကောက်ပွဲများကို နောက်အကျဆုံး ၂၀၂၆ ခုနှစ် ဇွန်လတွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင် မူဟမ်မက်ယူနွတ်က ပြောကြားထားသည်။

သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းမှာ တစ်နေ့တစ်ခြားပိုဆိုးလာခဲ့ရာ ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလမှာပင် ကျင်းပသင့်ကြောင်း ဘင်္ဂလားဒေ့ရှ် တပ်မတော်အကြီးအကဲ ဝါကာအုဇ်ဇာမင်က ပြောကြားထားသည်။

အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့ကို သတ်မှတ်ကြေညာပေးရန် အဓိကအတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ(ဘီအင်န်ပီ)ကလည်း အကြိမ်ကြိမ်တောင်းဆိုထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# မြောက်ကိုရီးယားစစ်သင်္ဘောသစ်ရေချပွဲ မတော်တဆမှုတစ်ရပ်ကြောင့် ပျက်ခဲ့ရ

ပြုံယမ်း မေ ၂၂

မြောက်ကိုရီးယားနိုင်ငံက မေ ၂၁ ရက်တွင် ပြုလုပ်ခဲ့သော စစ်သင်္ဘောသစ်ရေချပွဲတွင် ဆိုးရွားသည့် မတော်တဆမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါသင်္ဘောသစ်ရေချပွဲ မတော်တဆမှုသည် ပေါ့ဆမှု၊ တာဝန်မဲ့မှုတို့ကြောင့် ဖြစ်ပွားခဲ့ရသော သည်းခံခွင့်လွှတ်၍ မရနိုင်သည့် မတော်တဆမှုအဖြစ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဝေဖန်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ချောင်ဂျင်းဆိပ်ကမ်း၌ ပြုလုပ်ခဲ့သည့် အဆိုပါ တန် ၅၀၀၀ ဖျက်သင်္ဘောသစ်ရေချပွဲသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင် တက်ရောက်ခဲ့သည်။

အဆိုပါ စစ်သင်္ဘောသစ်ကို ရေချချိန်တွင် အချိန်အဆလွဲမှားမှုကြောင့် မတော်တဆမှုဖြစ်ပွားခဲ့ပြီး သင်္ဘောရေချပွဲ ပျက်ခဲ့ရကြောင်း ကေစီအင်န်အေ သတင်းဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ်ဇွန်လအတွင်း လက်ရှိအာဏာရ ကိုရီးယားအလုပ်သမားပါတီ အစည်းအဝေးတစ်ရပ်မကျင်းပမီ အဆိုပါစစ်သင်္ဘောကိုပြန်လည်ပြုပြင်မွမ်းမံထားရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ညွှန်ကြားထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ် ဧပြီလအတွင်းကလည်း တန် ၅၀၀၀ ဖျက်သင်္ဘောသစ်တစ်စီးကို ရေချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ချာဂို့စ်ကျွန်းစု အချုပ်အခြာပိုင်ဆိုင်ခွင့်လွှဲပြောင်းရေးသဘောတူညီချက် ဗြိတိန်လက်မှတ်ထိုးမည်



လန်ဒန် မေ ၂၂

ပစိဖိတ်သမုဒ္ဒရာဒေသ ချာဂို့စ်ကျွန်းစု အချုပ်အခြာပိုင်ဆိုင်ခွင့်ကို မောရစ်သျှအစိုးရထံ လွှဲပြောင်းပေးမည့် သဘောတူညီချက်တစ်ရပ်ကို ဗြိတိန်အစိုးရက လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ချာဂို့စ်ကျွန်းစု အချုပ်အခြာပိုင်ဆိုင်ခွင့်လွှဲပြောင်းမှု သဘောတူညီချက်ပါ အသေးစိတ်အချက်အလက်များကို ဗြိတိန်အစိုးရက ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ကြေညာထားပြီးဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ ဗြိတိန်အစိုးရသည် ချာဂို့စ်ကျွန်းစု အချုပ်အခြာပိုင်ဆိုင်ခွင့်ကို မောရစ်သျှအစိုးရထံ လွှဲပေးရမည်ဖြစ်ပြီး အပြန်အလှန်အနေဖြင့် ဒီယေဂိုဂါစီယာကျွန်းပေါ်ရှိ စစ်စခန်းတစ်ခုကို ၉၉ နှစ်ကြာ ဆက်လက်ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။

ဒီယေဂိုဂါစီယာ ကျွန်းသည် ချာဂို့စ်ကျွန်းစုဒေသ၌ တည်ရှိပြီး ၎င်းကျွန်းစု၏ အကြီးမားဆုံးကျွန်းလည်းဖြစ်သည်။

ဗြိတိန်သည် မောရစ်သျှနိုင်ငံ လွတ်လပ်ရေးမရရှိမီ သုံးနှစ်အလို ၁၉၆၅ ခုနှစ်တွင် ချာဂို့စ်ကျွန်းစုကို မောရစ်သျှမှခွဲထုတ်၍ ဗြိတိန်ပိုင် အိန္ဒိယသမုဒ္ဒရာ နယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။

ချာဂို့စ်ကျွန်းစု အချုပ်အခြာပိုင်ဆိုင်ခွင့်လွှဲပြောင်းမှု သဘောတူညီချက်လက်မှတ်ရေးထိုးပွဲသို့ ဗြိတိန်ဝန်ကြီးချုပ် ကီရာစတန်မာလည်း တက်ရောက်မည်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများ၏ အဆိုအရ သိရသည်။

Ref : Xinhua
Trs : KKO

# ယူကရိန်းမောင်းသူမဲ့လေယာဉ် ၁၀၅ စင်းကို ရုရှားလေကြောင်းရန်တပ်များပစ်ချ

မော်စကို မေ ၂၂

မော်စကိုမြို့ဆီသို့ ဦးတည်ပျံသန်းလာသော မောင်းသူမဲ့လေယာဉ်များအပါအဝင် ယူကရိန်းမောင်းသူမဲ့လေယာဉ် ၁၀၅ စင်းကို လေကြောင်းရန် ကာကွယ်ရေးတပ်များက ပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



ယနေ့နံနက်ပိုင်းတွင် ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များအနေဖြင့် ယူကရိန်းမောင်းသူမဲ့လေယာဉ် ၁၀၅ စင်းကို ပစ်ချနိုင်ခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ရုရှားတပ်များ ပစ်ချခဲ့သော ယူကရိန်း မောင်းသူမဲ့လေယာဉ်များအနက် ၃၅ စင်းမှာ မော်စကိုဒေသကြီးဆီသို့ ဦးတည်စေလွှတ်ခဲ့သော မောင်းသူမဲ့လေယာဉ်များဖြစ်ကြကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

သုံးနှစ်ကျော်ကြာ ယူကရိန်းစစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်အစိုးရနှင့် အနောက်အုပ်စုနိုင်ငံများက တွန်းအားပေးနေချိန်တွင် ယူကရိန်းနိုင်ငံက မောင်းသူမဲ့လေယာဉ် ၁၀၀ ကျော်ဖြင့် ရုရှားနိုင်ငံကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

မေ ၂၀ ရက်ကလည်း ယူကရိန်းနိုင်ငံက စေလွှတ်ခဲ့သော မောင်းသူမဲ့လေယာဉ် အစင်း ၃၀၀ ကျော်ကို ပစ်ချခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရလက်ရှိအချိန်တွင် ရုရှားတပ်များသည်ယူကရိန်းရှေ့တန်းစစ်မြေပြင် အဓိကတိုက်ပွဲများ၌ အသာစီးရနေကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဟူသီသူပုန်အုပ်စုပစ်လွှတ်သည့် ဒုံးကျည်များကို အစ္စရေးကြားဖြတ်ဖျက်ဆီး



ဂျေရုဆလင် မေ ၂၂

ယီမင်နိုင်ငံဘက်မှ ယနေ့ပစ်လွှတ်ခဲ့သော ဒုံးကျည်နှစ်စင်းကို အစ္စရေးလေကြောင်းရန်ကာကွယ်ရေးတပ်များက ကြားဖြတ် ဖျက်ဆီးနိုင်ခဲ့ကြောင်း အစ္စရေး တပ်မတော်က သတင်းထုတ်ပြန် ထားသည်။

ပင်လယ်နီဒေသ အတွင်း၌ အမေရိကန်သင်္ဘောများကို မတိုက်ခိုက်ရန် အမေရိကန်အစိုးရနှင့် သဘောတူညီချက် ရယူထားသည့်တိုင် အစ္စရေးနိုင်ငံကို ဆက်လက် တိုက်ခိုက်မည်ဖြစ်ကြောင်း ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ကြေညာထားသည်။

ယနေ့တွင် ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုသည် အစ္စရေးနိုင်ငံကို ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် တိုက်ခိုက်ရန်ကြိုးပမ်းခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဟူသီသူပုန်အုပ်စုက ပစ်လွှတ်ခဲ့သည့် အဆိုပါဒုံးကျည်နှစ်စင်းကို အစ္စရေးလေကြောင်းရန်ကာကွယ်ရေးတပ်များက ဟန့်တားနိုင်ခဲ့သော်လည်း ဂျေရုဆလင်မြို့နှင့် အနောက်ဘက်ကမ်း ဒေသတို့၌ လေကြောင်းရန် ကာကွယ်ရေး ဥဩသံများ ထုတ်လွှင့်ခဲ့ရသည်။

ဟူသီသူပုန်အုပ်စုသည် ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အစ္စရေးနိုင်ငံကို ဒုံးကျည်များ မောင်းသူမဲ့လေယာဉ်များဖြင့် အဆက်မပြတ်တိုက်ခိုက်ခဲ့သည်။

အစ္စရေးနိုင်ငံကလည်း ဟူသီသူပုန်အုပ်စု၏ ပစ်မှတ်များကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်၍ တုံ့ပြန်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အခြားကြယ်စနစ်တစ်ခု၏ ကွိုပါခါးပတ်ကွင်းနယ်မြေအတွင်း ရေခဲမှုန်များတည်ရှိမှုကို ထောက်လှမ်းတွေ့ရှိ



ဝါရှင်တန် မေ ၂၂

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယို တယ်လီစကုပ်သည် အခြားကြယ် စနစ်တစ်ခု၏ ကွိုပါခါးပတ်ကွင်း နယ်မြေအတွင်း ရေခဲမှုန်များ တည်ရှိမှုကို ထောက်လှမ်းတွေ့ရှိ ထားကြောင်း မေ ၂၀ ရက် သတင်း များအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီ ယိုတယ်လီစကုပ်သည် HD 1813-27 အမည်ရှိ ကြယ်စနစ်တစ်ခုကို လေ့လာခဲ့ရာ ၎င်းကြယ်စနစ်၏ ကွိုပါခါးပတ်ကွင်းနယ်မြေအတွင်း ရေခဲမှုန်များတည်ရှိမှုကို ထောက် လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

HD 181327 ကြယ်စနစ်၏ကွိုပါ ခါးပတ်ကွင်းနယ်မြေသည် နေအဖွဲ့ အစည်း၏ ကွိုပါခါးပတ်ကွင်း နယ်မြေကဲ့သို့ပင် ကြယ်တံခွန် များ၊ ဂြိုဟ်သိမ်များ၊ ကျောက် သားကျောက်စများဖြင့် ဖွဲ့စည်း ထားဖွယ်ရှိသည်ဟု နာဆာသိပ္ပံ ပညာရှင်များ ယူဆထားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ သည် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီ ယိုတယ်လီစကုပ်နှင့် ၎င်းရေဒီယို တယ်လီစကုပ်၏ NIRSPEC ကင် မရာစနစ်တို့ကိုသုံး၍ HD 181327 ကြယ်စနစ် ကွိုပါခါးပတ်ကွင်းနယ် မြေအတွင်းရှိ ရေခဲမှုန်များကို ထောက်လှမ်း တွေ့ရှိခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

HD 181327 ကြယ်စနစ်သည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၁၅၅ ဒသမ ၆ နှစ်အကွာတွင် တည်ရှိ သည့် ကြယ်စနစ်ဖြစ်သည်။

၎င်းကြယ်စနစ်၏ သက်တမ်း မှာ နှစ်ပေါင်း ၁၈ ဒသမ ၅ သန်း ထိရှိရာ သက်တမ်း ၄ ဒသမ ၆ ဘီလီယံရှိသည့် နေနှင့်နှိုင်းယှဉ် ပါက သက်တမ်းများစွာ နုနယ် ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဒရာဂွန်အာကာသကုန်တင်ယာဉ်က ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်မည်

ဝါရှင်တန် မေ ၂၂

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီ၏ ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် မေ ၂၃ ရက်တွင် ကမ္ဘာမြေအပြန်ခရီးစဉ် အတွက် နိုင်ငံတကာ အာကာသ စခန်းမှ ခွာထွက်မည်ဖြစ်ကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် မေ ၂၃ ရက် မွန်းလွဲ ပိုင်းတွင် Space-X ကုမ္ပဏီမြေပြင် စခန်း၏ ထိန်းချုပ်မှုဖြင့် နိုင်ငံ တကာ အာကာသစခန်းမှ ခွာထွက် မည်ဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် ကမ္ဘာ့လေထုလွှာ အတွင်း ပြန်လည်ဝင်ရောက်ချိန် တွင် ကယ်လီဖိုးနီးယားပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင် အတွင်း ဆင်းသက်မည်ဖြစ် ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် နိုင်ငံတကာ အာကာသ စခန်းမှ သိပ္ပံပညာစမ်းသပ်ပစ္စည်း



များကို ပြန်လည်သယ်ယူလာမည် ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီနှင့် အမေ ရိကန်အစိုးရ အမျိုးသားလေ ကြောင်းနှင့် အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ (နာဆာ)တို့သည် ဒရာဂွန် အာကာသကုန်တင်ယာဉ် ကို ဧပြီ ၂၂ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် နာဆာနှင့် Space-X ကုမ္ပဏီ၏ ၃၂ ကြိမ် မြောက် နိုင်ငံတကာ အာကာသ စခန်း ထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဖယ်လ်ကွန်- ၉ ဒုံးပျံဖြင့် Space-X ကုမ္ပဏီ လွှတ်တင်ခဲ့

ဝါရှင်တန် မေ ၂၂

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် မေ ၂၀ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင် မှုဂြိုဟ်တု ၂၃ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်ခဲ့ကြောင်း မေ ၂၁ ရက်သတင်းများအရသိရသည်။

အဆိုပါ စတားလင့်ခ်အင် တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါ ပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ ၏ ပထမအဆင့် ပင်မဒုံးယာဉ် သည် လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် အတ္တလန္တိတ်သမုဒ္ဒရာ အတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၃ မိနစ်အကြာ တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူး အဆင့်ဒုံးယာဉ်သည် သယ်ဆောင် ထားသော စတားလင့်ခ် အင်တာ နက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

မေ ၂၀ ရက် စတားလင့်ခ်မစ်ရှင် သည် Space-X ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ အကြိမ် ၆၀ မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## နေ့စဉ်ထိုင်ချိန်ကို လျှော့ချ၍လမ်းလျှောက်ပါက နှလုံးကျန်းမာရေးပြဿနာကြောင့် သေဆုံးနိုင်ခြေ လျော့ကျနိုင်

နယူးယောက် မေ ၂၂

နေ့စဉ်ထိုင်ချိန်ကို မိနစ် ၃၀ လျှော့ချ၍ လမ်းလျှောက်ပေးပါက နှလုံးကျန်းမာရေး ပြဿနာ ကြောင့် သေဆုံးနိုင်ခြေကိုလျှော့ကျ နိုင်ကြောင်း မေ ၂၁ ရက် သတင်း များအရ သိရသည်။

အမေရိကန်နိုင်ငံ အနောက် ဗာဂျင်းနီးယားတက္ကသိုလ်မှ သုတေ သနပညာရှင်များသည် နှလုံးကျန်း မာရေးပြဿနာများ လောလော လတ်လတ် ခံစားနေရသူလူနာ ၆၀၀ ခန့်ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာ သည့်ရလဒ်များအရ အထက်ပါ လူနာများအနက် နေ့စဉ်ထိုင်ချိန် ကို လျှော့ချ၍ လှုပ်လှုပ်ရှားရှားလုပ် သူများမှာ နှလုံးကျန်းမာရေး ပြဿနာကြောင့် သေဆုံးနိုင်ခြေ နည်းပါးသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ တွေ့ရှိချက်အရ နေ့စဉ်ထိုင်နေချိန် ကို မိနစ် ၃၀ လျှော့ချ၍ သန့်ရှင်း ရေးလုပ်ခြင်း၊ လမ်းလျှောက်ခြင်း များပြုလုပ်ပေးပါက နှလုံးကျန်းမာ ရေးပြဿနာများ ပေါ်လာနိုင်ခြေ ကို ၅၀ ရာခိုင်နှုန်းလျှော့ချပေးနိုင် ကြောင်း သိရသည်။

ထိုနည်းတူ နေ့စဉ်ထိုင်နေချိန် ကို လျှော့ချ၍ အားစိုက်ရသည့် လေ့ကျင့်ခန်းများအစားထိုးပြုလုပ် သူများတွင်မူ နှလုံးကျန်းမာရေး ပြဿနာများ ဖြစ်ပေါ်နိုင်ခြေမှာ ၆၀ ရာခိုင်နှုန်းထိ ကျဆင်းနေ တတ်ကြောင်း သုတေသနပညာ ရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## ရိုးစင်းသည့်ဓာတ်စာပုံစံ နှစ်မျိုးက စိတ်ရောဂါလက္ခဏာများကို လျှော့ချနိုင်

ကင်ဘာရာ မေ ၂၂

ရိုးစင်းသည့် ဓာတ်စာပုံစံ နှစ်မျိုးသည် စိတ်ကျန်းမာရေး ပြဿနာများ၏ ရောဂါလက္ခဏာ များကို လျှော့ချပေးနိုင်ကြောင်း မေ ၂၁ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန် တက္ကသိုလ်မှ သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ ကယ်လိုရီပါဝင်မှု ကန့်သတ်ထား သော အစားအစာများသည် စိတ် ကျရောဂါနှင့် စိုးရိမ်သောက ဝေဒနာလက္ခဏာများကို လျှော့ချ ပေးနိုင်ကြောင်း သိရသည်။

အလားတူ အဆီဓာတ်ပါဝင်မှု လျှော့ချထားသည့် ဓာတ်စာပုံစံ များသည်လည်း စိတ်ကျန်းမာ ရေးပြဿနာ လက္ခဏာများကို လျှော့ချပေးနိုင်ကြောင်း ဩစ တြေးလျ သုတေသနပညာရှင်များ က ပြောကြားသည်။

အဆီဓာတ်ပါဝင်မှု လျှော့ချ ထားသည့် အစားအစာများ၏ အထက်ပါအကျိုးကျေးဇူးကို အဝ လွန်နေသူ၊ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်း ကျဆင်းနေသူများ ၌ ပို၍ထင်ထင်ရှားရှား တွေ့ရ ကြောင်း သိရသည်။

ကယ်လိုရီပါဝင်မှု ကန့်သတ် ထားသော အစားအစာများသည် ကယ်လိုရီပါဝင်မှုကို ၁၅၀၀ ခန့်ထိ သာ ကန့်သတ်ထားသော အစား အစာများဖြစ်ပြီး အဆီဓာတ်ကန့် သတ်ထားသော ဓာတ်စာများမှာ စွမ်းအင်၏ ၃၀ ရာခိုင်နှုန်းကိုသာ အဆီဓာတ်မှ ရယူနိုင်သော ဓာတ် စာမျိုးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ယခုနှစ်ဘောလုံးရာသီ ယူရိုပါလိဂ်ချန်ပီယံဆုဖလားကို စပါးအသင်းဆွတ်ခူး



ဘီလ်ဘာအို မေ ၂၂

ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်ကို စပိန်နိုင်ငံ ဘီလ်ဘာအိုမြို့တွင် စပါးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ပြီး ၁၇ နှစ်အတွင်း ဆုဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ၁၉၈၄ ခုနှစ်က ယူရိုပီယံဖလား ဆွတ်ခူးရရှိခဲ့ပြီးနောက် ဥရောပပြိုင်ပွဲများတွင် အောင်မြင်မှု မရရှိတော့သည့်အပြင် ၂၀၀၈ ခုနှစ်တွင် ကာရာဘောင်ဖလား ရယူနိုင်ခဲ့ပြီး နောက်ပိုင်း ဆုဖလားလက်မဲ့ ရာသီနှင့် ကြုံတွေ့ခဲ့ရသော်လည်း ယခုပွဲစဉ်တွင် မန်ယူအသင်းကို အနိုင်ယူ၍ ၁၇ နှစ်ကြာ ဆုဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုနှစ် ယူရိုပါလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ကျော်ဖြတ်ပြီးနောက် အယ်ခမာ၊ ဖရန့်ဖတ်၊ ဘိုဒိုဂလင့် အသင်းတို့ကိုကျော်ဖြတ်၍ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ဆိုစီဒက်၊ လိုင်ယွန်၊ ဘီလ်ဘာအိုတို့ကို အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းနှင့် တွေ့ဆုံခဲ့ရာ ပွဲစကတည်းက မန်ယူအသင်း၏ ဖိအားပေးမှုများကိုသာ ခံခဲ့ရသော်လည်း ပွဲကစားချိန် ၄၂ မိနစ်အရောက်တွင် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ် ပြုလုပ်ခဲ့ရာ ဂျွန်ဆင်က ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သဖြင့် တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ယူရိုပါလိဂ် ပြိုင်ပွဲသမိုင်းတွင် ချန်ပီယံဆုကို ဆီဗီလာက ခုနစ်ကြိမ်၊ အင်တာမီလန်၊ လီဗာပူး၊ ဂျူဗင်တပ်၊ အေသီကို၊ စပါးအသင်းတို့က သုံးကြိမ်စီ၊ ဂလာဘတ်၊ ဖိုရင်နို၊ ဖရန့်ဖတ်၊ ဂိုတီဘော့၊ ရီးရဲလ်မက်ဒရစ်၊ ပါးမား၊ ပေါ်တို၊ ချဲလ်ဆီးတို့က နှစ်ကြိမ်စီ၊ အန်ဒါလက်၊ လေဗာကူဆင်၊ အေဂျက်၊ မန်ယူ၊ ပီအက်စ်ဗီ၊ အစ်ဗ်စ်၊ နာပိုလီ၊ ဘိုင်ယန်မြူးနစ်၊ ရှော်လ်ကေး၊ ဂါလာတာစာရေး၊ ဗလင်စီယာ၊ စီအက်စ်ကေ၊ ဇင်းနစ်၊ ရှက်တာဒိုးနက်၊ ဗီလာရီးရဲလ်၊ အတ္တလန်တာအသင်းတို့က တစ်ကြိမ်စီ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : The Mirror
Trs : ML

# ဖရန့်ဖတ်တိုက်စစ်မှူး အီကီတိုက်ကို ယူရို သန်း ၁၀၀ ဖြင့်ကမ်းလှမ်းရန် ချဲလ်ဆီးကြိုးပမ်း

လန်ဒန် မေ ၂၂

ချဲလ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ဖရန့်ဖတ်အသင်း တိုက်စစ်တွင် ခြေစွမ်းပြသနေသည့် တိုက်စစ်မှူး အီကီတိုက်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ဖြင့်ခေါ်ယူရန် စတင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အီကီတိုက်သည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းမှ ဖရန့်ဖတ်အသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း စာချုပ်ကုန်ဆုံးချိန်တွင် ဖရန့်ဖတ်အသင်းက အပြီးသတ်ခေါ်ယူခဲ့ပြီးနောက် ယခုနှစ် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂ ကြိမ်ထိ ပြုလုပ်၍ အသင်းအတွက် ဂိုးပါဝင်ပတ်သက်မှု ၃၄ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် အဓိကနေရာမှ ပါဝင်ခဲ့သူ ဖြစ်သောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည် ။

လက်ရှိတွင် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့က တိုက်စစ်မှူး အီကီတိုက်ကို ခေါ်ယူရန် စိတ်ဝင်စားနေသဖြင့် ချဲလ်ဆီးအသင်းက ကစားသမား၏အခြေအနေကိုစောင့်ကြည့်ခဲ့ပြီး ယခုအခါ စတင်ကမ်းလှမ်းမှုပြုလုပ်၍ ကစားသမားနှင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ချဲလ်ဆီးအသင်း အနေဖြင့် အထောင်တိုက်စစ် နေရာတွင် ကစားသမားတစ်ဦး လိုအပ်နေသောကြောင့် အီကီတိုက်အပါအဝင်၊ နာပိုလီကစားသမား အိုစီမန်၊ လိုက်ပ်ဇစ်ကစားသမား ဆက်ကိုတို့ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ပရီးမီးယားလိဂ် ထိပ်သီးအသင်းများ အပါအဝင် အခြားကလပ်အသင်းကြီးများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အီကီတိုက်သည် လူငယ်ကစားသမားဖြစ်သည့်အပြင် နည်းစနစ်ပိုင်းမှာလည်း အိုစီမန်၊ ဆက်ကိုတို့ထက် သာလွန်မှုရှိနေသဖြင့် ချဲလ်ဆီးအသင်းက အီကီတိုက်ကို သာခေါ်ယူနိုင်ရန် ဦးစားပေးကြိုးပမ်းခဲ့ကြောင်းသိရသည်။

ချဲလ်ဆီးအသင်းသည် လာမည့်ပရီးမီးယားလိဂ် နောက်ဆုံးပွဲစဉ်တွင် နော့တင်ဟမ်အသင်းကို အနိုင်ရပါက လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့် သေချာမည်ဖြစ်သောကြောင့် အီကီတိုက်ကို ကမ်းလှမ်းရာတွင် သဘောတူညီမှုရယူနိုင်ရန် လွယ်ကူမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : ML



# တိုက်စစ်မှူး အန်းဒရစ် တံကောက်ကြော ဒဏ်ရာကြောင့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်



မက်ဒရစ် မေ ၂၂

ရီးရဲလ်မက်ဒရစ် အသင်း လူငယ်တိုက်စစ်မှူး အန်းဒရစ်သည် တံကောက်ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်ရာ လာမည့်ဇွန်လတွင် ကစားရမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အန်းဒရစ်သည် ပြီးခဲ့သည့်လက အသင်းနှင့် ပါဝင်ကစားခဲ့သည့်ပွဲစဉ်တွင် ညာဘက်တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီးနောက် ပြန်လည်သက်သာလာသဖြင့် အသင်းတာဝန်ရှိသူများက ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးချိန်တွင် ဘယ်လင်ဟမ်နှင့်အတူ ခွဲစိတ်ကုသမှုပြုလုပ်ရန် စီစဉ်ထားသော်လည်း ၎င်းအနေဖြင့် ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဆေးစစ်မှု ထပ်မံပြုလုပ်ခဲ့ရာ ဒဏ်ရာအခြေအနေမှာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကစားသမားအနေဖြင့် ဒဏ်ရာခွဲစိတ်မှုကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်သဖြင့် လာမည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည့်အပြင် ရာသီအစပြိုင်ပွဲများကိုပါ ပါဝင်နိုင်မည်မဟုတ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့်ဖလားပြိုင်ပွဲတွင် နည်းပြအန်ချယ်လော့တီ နေရာတွင် နည်းပြအလွန်ဆိုနှင့် အစားထိုးခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် အလွန်ဆိုက ပထမဆုံး တာဝန်ယူသွားမည်ဖြစ်ကာ ဇွန် ၁၈ ရက်တွင် ဆော်ဒီကလပ် အယ်ဟိုင်လာ၊ ဇွန် ၂၂ ရက်တွင် မက္ကဆီကိုကလပ် ပါချူကာ၊ ဇွန် ၂၆ ရက်တွင် ဩစတြီးယားကလပ် ဆဲလ်ဘတ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML

## အားကစားသတင်းအတိုအထွာများ

❑ လူးဝစ်ဒီယက်ဇ်အနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပါက ၎င်းနေရာတွင်အစားထိုးနိုင်ရန် လိုင်ယွန်အသင်း လူငယ်ကစားသမား မာလစ်ဖိုဖန်နာကိုခေါ်ယူရန် လီဗာပူးအသင်းက ပစ်မှတ်ထားကြိုးပမ်းလျက်ရှိသည်။

❑ မန်စီးတီးအသင်းကထွက်ခွာမည့် ဒီဘရိုင်းကို ဆော်ဒီကလပ်အသင်းများနှင့် စီးရီးအေကလပ် နာပိုလီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ကစားသမားကိုယ်တိုင်က ပရီးမီးယားလိဂ်ကလပ်အသင်းများတွင်သာ ဆက်လက်ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ML

# Geneva Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

ဂျီနီဗာ မေ ၂၂

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပနေသည့် Geneva Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က ဟန်ဂေရီတင်းနစ်ကစားသမား ဖက်ဆိုဗစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၂၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် ပုံစံကောင်းများပျောက်ဆုံးနေပြီး အသက်အရွယ်ကြောင့် ကြံ့ခိုင်မှုပိုင်း အားနည်းချက်များ ရှိလာသော်လည်း ဖက်ဆိုဗစ်နှင့်ပွဲစဉ်တွင် အကောင်းဆုံး ကစားသွားနိုင်ခဲ့သကဲ့သို့ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ကျွန်တော့်အတွက် ဒီနှစ်အတွင်း ပထမဆုံးသော မြေစေးကွင်းနိုင်ပွဲကို ရရှိခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ မြေစေးကွင်းပြိုင်ပွဲမှာ ကစားရတာဟာ အရမ်းကိုပင်ပန်းသလို အစစအရာရာ သတိထားရတယ်။ တစ်ခြားကွင်းအမျိုးအစားတွေမှာ ယှဉ်ပြိုင်ရတာထက် နည်းစနစ်ပိုင်းကို တော်တော်လေးသတိထားရပါတယ်။ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့ခြင်းဟာလည်း စပေးဘောတွေ ကောင်းမွန်ခဲ့လို့ပဲ ဖြစ်ပါတယ်။ တကယ်လိုအပ်လာတဲ့အချိန်မှာ အကောင်းဆုံး စွမ်းဆောင်ရည်တွေပြသနိုင်ခဲ့တာကိုလည်း ကျေနပ်မိပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား အာနယ်ဒီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# The Athletic က ရွေးချယ်ခဲ့သည့် ဥရောပတစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို အန်းနရစ်နှင့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရာဖင်ဟာတို့ဆွတ်ခူး




ကယ်လီဖိုးနီးယား မေ ၂၂

ကမ္ဘာ့ထိပ်တန်း အားကစားသတင်းဌာနတစ်ခုဖြစ်သည့် The Athletic က ရွေးချယ်ခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပတစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ပီအက်စ်ဂျီအသင်းနည်းပြ အန်းနရစ်နှင့် အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းမှ ရာဖင်ဟာတို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ရာဖင်ဟာသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း စပိန်လာလီဂါဖလား၊ စပိန်စူပါဖလားနှင့် စပိန်ကိုပါဒယ်ရေးဖလား စသည့် အဓိကဆုဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ရာ The Athletic က စိစစ်ရွေးချယ်ခဲ့သည့် ဥရောပတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆု အတွက်လည်း ရေပန်းစားလျက်ရှိသည်။

အလားတူ ပီအက်စ်ဂျီအသင်းနည်းပြအန်းနရစ်သည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းကို ပြင်သစ်လီဂူးချန်ပီယံဆု ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် The Athletic က စိစစ်ရွေးချယ်ခဲ့သည့် ဥရောပတစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် The Athletic က စိစစ်ရွေးချယ်ခဲ့သည့် ပရီးမီးယားလိဂ်တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို လီဗာပူးအသင်းမှ ဆာလာဟ်၊ စီးရီးအေပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဖီအိုရင်တီးနားအသင်းမှ မွိုက်ကိန်း၊ ဂျာမန်ဘွန်ဒက်စ်လီဂါအကောင်းဆုံးကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ အိုလီဆီ၊ စပိန်လာလီဂါပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဘာစီလိုနာအသင်းမှ ပက်ဒရီနှင့် ပြင်သစ်လီဂူး တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီတို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# လေဗာကူဆင်အသင်းက နည်းပြ အလွန်ဆို၏နေရာတွင် နည်းပြတန်ဟတ်နှင့် အစားထိုးနိုင်ရန် နီးစပ်လျက်ရှိ

ဘာလင် မေ ၂၂

လေဗာကူဆင် အသင်းက ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့မည့် နည်းပြအလွန်ဆို၏နေရာတွင် ကလပ်အသင်းလက်မှဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်ကို ခန့်အပ်နိုင်ရန်အတွက် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

နည်းပြ အလွန်ဆိုသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က လေဗာကူဆင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို အောင်မြင်မှုများ ဆွတ်ခူးပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ရှုံးပွဲမရှိခဲ့ဘဲ စံချိန်တင်ဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဆု မကာကွယ်နိုင်ခဲ့သော်လည်း အဆင့်(၂)နေရာတွင် ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင် အသင်းနှင့် အလွန်ဆိုတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း နည်းပြအလွန်ဆိုက ရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းသို့ မကြာမီ ပြောင်းရွှေ့မည်ဖြစ်သည်။

လေဗာကူဆင် အသင်းက နည်းပြအလွန်ဆို၏ နေရာတွင် အစားထိုးရန်အတွက် အစောပိုင်းက တန်ဟတ်နှင့်အတူ ကိုမိုအသင်းနည်းပြ ဖာဗရီဂတ်တို့ကို ခန့်အပ်ရန်ကြိုးပမ်းခဲ့သော်လည်း နည်းပြဖာဗရီဂတ်အနေဖြင့် ကိုမိုအသင်းနှင့် စာချုပ်သက်တမ်းကျန်ရှိနေသေးသောကြောင့် ခေါ်ယူရန်ခက်ခဲခဲ့သည့် အခြေအနေများကြောင့် နည်းပြတန်ဟတ်ကို ခန့်အပ်ရန်အတွက်သာ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# DP World India Championship တွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်မည်ဟု မက်အီလ်ရွိုင်းပြောကြား



လန်ဒန် မေ ၂၂

၂၀၂၅ ခုနှစ်၏ The Masters ချန်ပီယံ မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည့် DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အောက်တိုဘာ ၁၆ ရက်မှ စတင်၍ ပြိုင်ပွဲကျင်းပသွားမည်ဖြစ်သော်လည်း ပြိုင်ပွဲကျင်းပရေးကော်မတီက ပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်ပြီး ကမ္ဘာ့အဆင့် ကစားသမားများကို စတင်ကမ်းလှမ်းမှုများ ပြုလုပ်နေပြီဖြစ်သကဲ့သို့ ပြိုင်ပွဲ၏ ဆုကြေးငွေကိုလည်း အမေရိကန်ဒေါ်လာ ၄ သန်းအထိ သတ်မှတ်ထားသဖြင့် အာရှဒေသတွင် ကျင်းပသည့် ပြိုင်ပွဲများတွင် ဆုကြေးငွေမြင့်မားသည့် ပြိုင်ပွဲများစာရင်းတွင် ပါဝင်လာမည်ဖြစ်သည်။

မက်အီလ်ရွိုင်းက “ကျွန်တော့်အနေနဲ့ ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယနိုင်ငံမှာ ပြိုင်ပွဲဝင်ဖို့ ဆုံးဖြတ်ထားပါတယ်။ ပြိုင်ပွဲဝင်ရင်း အိန္ဒိယနိုင်ငံကို သွားရောက် လည်ပတ်ဖို့လည်း စိတ်ကူးထားတယ်။ ကျွန်တော့်အနေနဲ့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ကျင်းပတဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့လည်း ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့်လည်း DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ဖို့ကမ်းလှမ်းလာတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ အိန္ဒိယဂေါက်သီးရိုက်အားကစား ပရိသတ်တွေရှေ့မှာ ပြိုင်ပွဲဖို့အတွက် မစောင့်နိုင်အောင်ဖြစ်နေပါပြီ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : AZL

Trs : RT

# နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ဂါနာချိုထွက်ခွာဖွယ်ရှိနေ

မန်ချက်စတာ မေ ၂၂

မန်ယူအသင်း လူငယ်ကစားသမား ဂါနာချိုသည် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၀ နှစ်ရှိ ဂါနာချိုသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အေတီကိုအသင်း အကယ်ဒမီမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ၂၀၂၂ ခုနှစ်က မန်ယူအသင်းတွင် စတင်ပါဝင်ကစားခဲ့ရာ အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သော်လည်း ပြီးခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်ခွင့် မရရှိခဲ့သည့်အတွက် အသင်းမှထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဂါနာချိုသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး သွင်းဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း နည်းပြအာမိုရင်က စပါးအသင်းနှင့်ကစားခဲ့သည့် ဗိုလ်လုပွဲတွင် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် နည်းပြအာမိုရင်နှင့် ဆက်ဆံရေးတင်းမာမှုများရှိလာခဲ့သောကြောင့် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အသင်းမှထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂါနာချိုသည် ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလကလည်း နာပိုလီအသင်းထံ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း အပြောင်းအရွှေ့ မဖြစ်မြောက်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# အက်ဖ်အေက ရှုန်းရင်းဆန်ခတ်မှုအတွက် နော်တင်ဟမ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ကို စွဲချက်တင်

လန်ဒန် မေ ၂၂

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင် ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့မှုအတွက် အရေးယူရန် စွဲချက်တင်ထားကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၃၇)အဖြစ်ကစားခဲ့သည့် နော်တင်ဟမ်အသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲပြီးဆုံးရန် နီးကပ်လာသည့် အချိန်တွင် နှစ်ဖက်အသင်း ကစားသမားများကြား ရှုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွင် ဝက်စ်ဟမ်းအသင်းမှ အယ်ဗာရက်ဇ်နှင့် ကားလို့စ် ဆိုလာတို့ အဝါကတ်ပြသခံခဲ့ရသကဲ့သို့ နော်တင်ဟမ်အသင်းမှ မူရီလိုနှင့် မိုရာတို့တို့လည်း အဝါကတ်များ အသီးသီး ပြသခံခဲ့ရသည်။


ထို့ပြင် အဆိုပါပွဲစဉ်တွင် ရှုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည့်အပြင် မီလင်ကိုဗစ်၏ သွင်းဂိုးကိုလည်း VAR စစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည့် အတွက် အချိန်ပိုမိနစ်များ ကြာမြင့်ခဲ့ပြီး ၁၁၂ မိနစ်ထိ ကစားခဲ့ရသည်။

အဆိုပါ ဖြစ်ရပ်အတွက် အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က နှစ်သင်းစလုံးကို စွဲချက်တင်ခဲ့ပြီး လာမည့် မေ ၂၃ ရက်တွင် စစ်ဆေးကြားနာမှုများ ပြုလုပ်ကာ အရေးယူမှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့




မြန်မာနိုင်ငံတစ်ဝန်း ပူပြင်းသောနွေဥတု ကုန်ဆုံး၍ မိုးရိပ်မိုးဖွဲ့တို့ဖြင့် အအေးဓာတ်များ လွှမ်းခြုံလာပြီး မကြာမီတွင် စာသင်ကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်ရာ အဖြူအစိမ်းကိုယ်စီ အားမာန်အပြည့်ဖြင့် ကျောင်းသား၊ ကျောင်းသူ မောင်မယ်များ ကျောင်းသွားသောမြင်ကွင်းကို ကြည်နူးဖွယ်မြင်တွေ့ရတော့မည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တစ်နှစ်တာကို အောင်မြင်စွာဖြတ်ကျော်ခဲ့ပြီးနောက် ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကာလအတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံသူ ကျောင်းသူ၊ ကျောင်းသား၊ မိဘ၊ ဆရာ၊ ဆရာမများဖြင့် စည်ကားလှုပ်ရှားနေကြသည့် မြင်ကွင်းများကိုတွေ့မြင်ရပြီဖြစ်သည်။ ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သော ၂၀၂၅ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်ထိ ကလေးများကျောင်းအပ်နှံကြရေးအတွက် **"ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"** ဟူသောဆောင်ပုဒ်ဖြင့် တိုက်တွန်းနှိုးဆော်ထားသည်။ ၂၁ ရာစုခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ ကျောင်းနေအရွယ်ကလေးတိုင်း၊ ကျောင်းနေရေး၊ ပညာတတ်ဖြစ်ရေးနှင့် စဉ်ဆက်မပြတ်ပညာသင်ယူနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားများအပြင် ကဏ္ဍအားလုံးဝိုင်းဝန်းပေါင်းစပ်လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပညာရေးသည် ရုပ်တန့်၍ရသောအရာမဟုတ်ပေ။ လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်ဖြစ်စဉ်ဖြစ်သည်။ ပညာရေးဆိုသည်မှာအမျိုးမျိုးသောသင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများဖြစ်သည်။ လူတစ်ယောက်သည် ပညာကိုမွေးကင်းစအရွယ်ကစပြီး ပညာဖြင့်ဘဝကိုအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။ ပညာရေးဖြင့် လူတစ်ဦးချင်းစီ၏ ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာတတ်မြောက်မှုကိုသာမက ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများကိုပါ ဘက်စုံမြှင့်တင်နိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်တွင်း၊ ပြည်ပ အတတ်ပညာ၊ နည်းပညာများတိုးတက်နေသည့် အခြေအနေများအရ လူတစ်ယောက်သည် အနည်းဆုံးအခြေခံပညာ အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်သည်ထိ တတ်ထားသင့်သည်။ နိုင်ငံတော်အစိုးရက လူတိုင်း KG+9 ထိပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအလယ်တန်း KG+9 ထိ သင်ယူပြီးမြောက်အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက် ရွေးချယ်စရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု စသည့်အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်သည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးထားပြီးဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အခမဲ့ပညာရေးအစီအစဉ်အရ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့်စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ ကောက်ခံခြင်းမရှိဘဲ ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ရေးစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ထို့ပြင် အတန်းကူးပြောင်းသွားကြသည့် ကျောင်းသားများထံမှ ကျောင်းဝတ်စုံများနှင့်စာအုပ်များကို လိုအပ်သည့်ကျောင်းသားများဆီ လွှဲပြောင်းပေးအပ်ခြင်းနှင့် အမှန်တကယ်ကျောင်းနေရန်အခက်အခဲရှိသည့် ချို့တဲ့သူများကိုပညာသင်စရိတ်ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် အခက်အခဲရှိသည့်မိဘများ၏ဝန်ထုပ်ဝန်ပိုးကို အထိုက်အလျောက်လျော့ကျစေနိုင်ပြီး ကလေးများလွတ်လပ်စွာပညာသင်ယူနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မိဘများအနေဖြင့် မိမိတို့၏ကလေးကို အချိန်မီကျောင်းအပ်နှံ၍ စာသင်ကျောင်းသို့ အရောက်ပို့ပေးနိုင်ရန်သာ လိုအပ်တော့မည်ဖြစ်သည်။

အခြေခံပညာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေး၊ အနည်းဆုံးအလယ်တန်းအဆင့် KG+9 ပြီးမြောက်သည်ထိ ပညာသင်ယူနိုင်ရေးအတွက် မိဘ၊ ဆရာတို့ကပူးပေါင်း၍ ကလေးများစာသင်ကျောင်းသို့ ရောက်ရှိလာစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ လှုံ့ဆော်ခြင်း၊ အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာဖြေရှင်းပေးခြင်း စသည့်လုပ်ငန်းများကိုအတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် ကျောင်းနေမြဲရေးနှင့် ကျောင်းပညာပြီးဆုံးသည်ထိ ပညာသင်ယူနိုင်ရေး၊ ကျောင်းဝင်နှုန်းတိုးမြှင့်ပြီး တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးနှင့်ကျောင်းထွက်မှုနှုန်းလျော့နည်းကျဆင်းရေးအတွက် လိုအပ်သည်များပံ့ပိုးခြင်း၊ စည်းရုံးဆောင်ရွက်ခြင်း၊ နိုင်ငံတော်မှ ဆောင်ရွက်နေသည့် အခြေခံပညာရေးစနစ်များကို မိဘများသိရှိနားလည်စေရန် အသိပညာပေးခြင်း၊ အခက်အခဲရှိသော ကျောင်းသားများကို လိုအပ်သည်များ ပံ့ပိုးကူညီခြင်းနှင့် ကျောင်းပညာရေးပြင်ပသို့ ရောက်ရှိနေသည့် လူငယ်များကိုစာသင်ကျောင်းများသို့ ပြန်လည်ရောက်ရှိစေရန် စည်းရုံးသိမ်းသွင်းခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သင့်ပေသည်။

နိုင်ငံတစ်နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်လိုအပ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသည်အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာ၊ ဗလငါးတန်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ များစွာ လိုအပ်ပေသည်။

**❖နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်လိုအပ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသည်အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာ၊ ဗလငါးတန်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်ပေသည်။ ❖**

စာသင်ကျောင်းဟူသည် ကျောင်းသား၊ ကျောင်းသူများကို လူတော်လူကောင်းဖြစ်အောင်ပုံသွင်းသည့်နေရာဖြစ်သကဲ့သို့ ငယ်ရွယ်စဉ်အခါတွင်ပတ်ဝန်းကျင်၏ ကောင်းခြင်း၊ ဆိုးခြင်းများကို ခွဲခြားသိမြင်နိုင်စေရန်၊ အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် ခေတ်နှင့်အညီပြောင်းလဲနေသည့် အတတ်ပညာများကိုလေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးသောနေရာလည်းဖြစ်သည်။ အခြေခံပညာကျောင်းများသည် အခြေခံပညာသင်ယူရေးအတွက် အုတ်မြစ်ဖြစ်သကဲ့သို့အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများသင်ယူနိုင်ရန်အတွက်လည်း အခြေခံကျကျပြုစုပျိုးထောင်ပေးသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပေသည်။

ပညာသင်ကြားရမည့်အရွယ်တွင် စာသင်ကျောင်းနှင့်ဝေးကွာပြီး ကျောင်းပြင်ပသို့ရောက်ရှိသွားပါက မကောင်းသည့်အရာများကို အတုမြင်အတတ်သင်ခြင်း၊ မူးယစ်ဆေးဝါးများသုံးစွဲတတ်လာခြင်း၊ အရွယ်မတိုင်မီ ဖို၊ မ ဆိုင်ရာလိင်ကိစ္စများအပေါ် စိတ်ရောက်ရှိလာခြင်း၊ ဂိမ်းများအလွန်အကြူးဆော့ကစားခြင်းအစရှိသည့် အကောင်းအဆိုးကို ခွဲခြားနိုင်ခြင်းမရှိဘဲမျှော်မှန်းနိုင်သည့် ဆိုးကျိုးများကိုရင်ဆိုင်ကြုံတွေ့လာနိုင်ပေသည်။ ထိုကဲ့သို့ဆိုးကျိုးများသည် ကလေးလူငယ်များအတွက်သာမက မိဘများ၊ ပတ်ဝန်းကျင်များ၊ ရပ်ရွာလူထုများနှင့် နိုင်ငံအတွက်ပါ လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးမှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

လူငယ်မောင်မယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် အခြေခံပညာမှစ၍ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့တွင် အဆင့်အလိုက် ကြိုးစားလေ့လာသင်ယူခြင်းဖြင့် အခွင့်အလမ်းကောင်းများကို ရရှိနိုင်မည်ဖြစ်သည်။ မည်သည့်အကြောင်းကြောင့်နှင့် ပညာရေးကို ကျောခိုင်းသွားရန်မသင့်ဘဲခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အခက်အခဲများကိုရင်ဆိုင်ကျော်လွှားကာပညာသင်ယူကြရန်လိုပေသည်။ နိုင်ငံတော်အနေဖြင့် အခမဲ့ပညာရေးစနစ်ဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူနိုင်ရန် အဘက်ဘက်မှပံ့ပိုးပေးလျက်ရှိသလို ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများကို အချိန်မီကျောင်းအပ်နှံဖို့ စာသင်ကျောင်းသို့ချီတက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

**ကျော်တင့်(ရွှေခရမ်း)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မြန်မာနိုင်ငံဆိုင်ရာထိုင်းသံရုံးကကြီးမှူးကျင်းပမည့် T-Pop Star Challenge Myanmar Season 2 ကို ဇွန်လအတွင်း ကျင်းပသွားမည်




**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးက ကြီးမှူးကျင်းပမည့် ထိုင်းသီချင်းဆိုပြိုင်ပွဲ T-Pop Star Challenge Myanmar Season 2 ကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Novotel Yangon Max Hotel Ballroom တွင် ဇွန် ၂၁ ရက်မှ ၂၂ ရက်ထိ ကျင်းပသွားမည် ဖြစ်ကြောင်း T-Pop Star Challenge Myanmar Season 2 ပြိုင်ပွဲ ကျင်းပရေးကော်မတီဝင် ဦးရဲနိုင်စိုးထံမှ သိရသည်။

အဆိုပါ ထိုင်းသီချင်းဆိုပြိုင်ပွဲကြီးတွင် ထိုင်းအစားအစာများ၊ ဖျော်ရည်၊ အလှကုန်ပစ္စည်း၊ ဖက်ရှင်ဒီဇိုင်း၊ ခရီးသွားဝန်ဆောင်မှု၊ ဆက်သွယ်ရေး ဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာ ရရှိနိုင်မည့် Package များ၊ ထိုင်းအနုပညာဆိုင်ရာပစ္စည်းများကို ဆိုင်ခန်းပေါင်းများစွာဖြင့် ခင်းကျင်းပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီပွဲတော်ကြီးမှာ Special Guest တွေအနေနဲ့ ဇွန် ၂၂ ရက်မှာ GMMTV ရဲ့ နာမည်ကြီး အတွဲတစ်တွဲဖြစ်တဲ့ Vice Versa၊ We Are နဲ့ Perfect 10 Liners တို့လို နာမည်ကြီးထိုင်း Series တွေမှာ ပါဝင်သရုပ်ဆောင်ထားခဲ့တဲ့ Aou Thanaboon နဲ့ Boom Tharatorn တို့လည်း ပါဝင်လာမှာဖြစ်ပါတယ်။ T-Pop Star Challenge Myanmar Season 2 မှာ ဆန်ခါတင်ပြိုင်ပွဲဝင် ရှစ်ယောက်က တိုက်ရိုက် Live ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်။ Winner ဆုရရှိသူကို ဆုကြေးငွေအနေနဲ့ အမေရိကန်ဒေါ်လာ ၃,၀၀၀ ချီးမြှင့်ပေးအပ်သွားမှာ ဖြစ်ပါတယ်"ဟု T-Pop Star Challenge Myanmar Season 2 ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးရဲနိုင်စိုးက ပြောပြ၍ သိရသည်။

ASH

# ဂန္ထဝင်တေး ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းရှိအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

**ရန်ကုန် မေ ၂၂**

ဂန္ထဝင်တေး ရုပ်ရှင်ဇာတ်ကားကို မေ ၂၃ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဂန္ထဝင်တေး ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်နေတိုးထံမှ သိရသည်။




အဆိုပါ ဂန္ထဝင်တေးရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ခနတ်ကိုကိုဇော်က ရေးဖွဲ့ထားပြီး ရာဇဝင်ကိုက ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ စိုးမိုးမင်းက Lucky 10 ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဂန္ထဝင်တေးရုပ်ရှင်ဇာတ်ကားက ကျွန်တော်ရိုက်ကူးခဲ့တဲ့ ဇာတ်ကားတွေထဲမှာ ရှေ့က ကားတွေနဲ့မတူညီအောင် အဓိကကြိုးစားထားတဲ့ ဇာတ်ကားပါ။ ဒီကားမှာပါဝင်ကြတဲ့ ဝါရင့်အနုပညာရှင်တွေကော ကျွန်တော်နဲ့ တစ်ခါမှ တွဲသရုပ်မဆောင်ဖူးသေးတဲ့သူတွေကော အကုန်လုံးနဲ့ ပူးပေါင်းပြီးတော့ အကောင်းဆုံး ကြိုးစားထားတဲ့ ကားလေးပါ။ အားလုံးကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ရုံတင်ပြသရင်လဲ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင်နေတိုးက ပြောပြသည်။

ဂန္ထဝင်တေးရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ စည်ဖြိုး၊ ဟိန်းသီဟ၊ ဘုန်းလျှံ၊ ဇော်ဝင်းနိုင်၊ အရိုင်း၊ နေလင်း၊ စုပါလင်း၊ သွက်လက်၊ ဝိုင်းဝိုင်းလည်၊ ဂျက်လီ၊ ထက်ထက်ထွန်း၊ ခြူးစစ်ဟန်၊ ဂွမ်းပုံလေး၊ ယွန်းသဥ္စာချယ်၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြပြီး ဂန္ထဝင်တေး ရုပ်ရှင်ဇာတ်ကား၏ First Class Show ပွဲ အခမ်းအနားကို မေ ၂၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ASH

# (၁၂)ကြိမ်မြောက် မယ်စကြဝဠာ(မြန်မာ)ပြိုင်ပွဲကြီး Miss Universe Myanmar 2025 ကို ရန်ကုန်မြို့တွင် ဇွန်လအတွင်းကျင်းပပြုလုပ်သွားမည်ဖြစ်

**ရန်ကုန် မေ ၂၂**

(၁၂)ကြိမ်မြောက် မယ်စကြဝဠာ(မြန်မာ)ပြိုင်ပွဲကြီး Miss Universe Myanmar 2025 ကို ရန်ကုန်မြို့တွင် ဇွန်လအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း Miss Universe Myanmar 2025 National Director မစိုးယုဝေထံမှ သိရသည်။

အဆိုပါ မယ်စကြဝဠာ Miss Universe Myanmar 2025 ပြိုင်ပွဲ၏ နောက်ဆုံး Grand Final ပြိုင်ပွဲကို ဇွန် ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ Myanmar Expro တွင်လည်းကောင်း၊ National Custume Commission ပြိုင်ပွဲကို ဇွန် ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Novotel Hotel တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"Miss Universe Myanmar 2025 ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီး အသီးသီးက ကိုယ်စားပြုအလှမယ်တွေကို မြို့နယ်ကိုယ်စားပြုအကဲဖြတ် ဒါရိုက်တာတွေက တစ်ဆင့်ရွေးချယ်ထားပြီး ဖြစ်ပါတယ်။ Title ဆုတွေနဲ့ Winner ဆုရရှိသူတွေကို ဆုတွေအမျိုးအစားအလိုက် ချီးမြှင့်ပေးအပ်ပြီး နဝရတ်သရဖူကိုလည်း ပေးအပ်သွားမှာပါ"ဟု Miss Universe Myanmar 2025 National Director မစိုးယုဝေက ပြောပြသည်။

လာမည့်ဇွန်လအတွင်းကျင်းပမည့် Miss Universe Myanmar 2025 ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အလှမယ်သည် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၇၄)ကြိမ်မြောက် Miss Universe ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

ASH

# ဒါမီယန်ချာဇဲ၏ အကျဉ်းထောင်ဇာတ်ကား၌ ဒန်နီယယ်ခရိတ်နှင့် ဝီလီယံဖာဖီတို့ ပါဝင်ဖွယ်ရှိ

**နယူးယောက် မေ ၂၂**

ဒါရိုက်တာ ဒါမီယန်ချာဇဲ တာဝန်ယူရိုက်ကူးမည့် အကျဉ်းထောင် ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသားဒန်နီယယ်ခရိတ်နှင့် ဝီလီယံဖာဗီတို့ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း မေ ၂၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိတွင် ဒန်နီယယ်ခရိတ်နှင့် ဝီလီယံဖာဗီတို့သည် အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

တရားဝင်ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါရုပ်ရှင်ဇာတ်ကားကို Paramount ရုပ်ရှင်ကုမ္ပဏီကဖြန့်ချိပေးမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၌ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးထုတ်လုပ်ရန် ထုတ်လုပ်သူများက စီစဉ်ထားပြီး ထိုရုပ်ရှင်ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# Netflix ၏ Narnia ဇာတ်ကား၌ မင်းသမီး ကာရေးမူလီဂန် ပါဝင်ဖွယ်ရှိ

**နယူးယောက် မေ ၂၂**

Netflix ၏ Narnia ဇာတ်ကားသစ်၌ မင်းသမီး ကာရေးမူလီဂန် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း မေ ၂၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိတွင် မင်းသမီး ကာရေးမူလီဂန်သည် Narnia ဇာတ်ကား၌ ပါဝင်ရေးအတွက် Netflix ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက မင်းသမီးကာရေးမူလီဂန်သည် Narnia ဇာတ်ကား၌ မင်းသမီး အမ်မာမက်ကေးတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Narnia ဇာတ်ကားသည် စာရေးဆရာစီအက်လူးဝစ်၏ The Chronicles of Narnia အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Narnia ဇာတ်ကားကို ကမ္ဘာကျော်အမျိုးသမီးဒါရိုက်တာ ဂရီတာဂျာဝစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win presents titles and certificates to monks, who passed 77th Tipitakadhara Tipitakakovida Selection Examination



The ceremony to pay respects and present certificates to the 97 monks who passed the 77th Tipitakadhara Tipitakakovida Selection Examination in progress.

**Nay Pyi Taw May 22**

A ceremony to pay respects and present certificates to the 97 monks who passed the 77th Tipitakadhara Tipitakakovida Selection Examination was held at Maha Pasana Cave, Thiri Mingala Kaba Aye hillock this morning under the sponsorship of the Department of Religious Affairs, the Ministry of Religious Affairs and Culture of the Republic of the Union of Myanmar.

Present to pay respects to the eminent monks led by Chairman of State Sangha Maha Nayaka Committee Patron of Minkyaung Pahtamabyan pariyatti school in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotiladhaja Dr Bhaddanta Candiama Bhivamsa, Ovadacariy Sayadaws of Tipitakadhara Tipitakakovida Selection Examination Board, Tipitakadhara Dhamma Bhantagarika Sayadaws, Tipitakadhara Tipitakakovida Sayadaws, supervisory Sayadaws, monks who passed the oral test of the Tipitakadhara Tipitakakovida Selection Examination, were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife, Daw Than Than Nwe, SAC member Dr Ba Shwe, union ministers, U Maung Maung Ohn, U Tin Oo Lwin and Dr Thet Khaing Win, Yangon Region Chief Minister U Soe Thein and their wives, senior military officers from Office of Commander-in-Chief, the Yangon Command commander, Yangon Region ministers, departmental officials and honoured guests.

First, the congregation led by the Vice-Senior General accepted the Five Precepts from Vice Chairman of Ovadacarira Board of Tipitakadhara Tipitakakovida Selection Examination Sayadaw Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotika Bhaddanta Sudhammacaribhivamsa, Patron of Moegaung monastery, Hinthada, Ayeyawady Region.

The SSMNC Chairman Sayadaw delivered a religious sermon.



Vice-Senior General Soe Win offers alms to a Sayadaw.

Union Minister for Religious Affairs and Culture U Tin Oo Lwin supplicated religious matters.

The Vice-Senior General presented the Tipitakadhara Tipitakakovida Title and certificate to Ashin Sethananalankara of Tipitaka Maha Gandawinnikal monastery, Dagon (East) Township, Yangon Region, who passed both the Three Pitaka oral and written tests of Tipitakadhara Tipitakakovida Selection Examination.

SAC member Dr Ba Shwe also offered the Dighanikayakovida title and certificate of passing the exam to Ashin Paññadhaja Lankara from Tipitaka Nikaya Monastery from Dagon Township of Yangon Region and Ashin Candobhasa Lankata from Maha Withokdayon Shwegyin Taikthit from Dagon Township of Yangon Region due to passing the writing test of two Pitaka treatise and the Dighabhanaka title and certificate of passing the exam to Ashin Janappiya Lankara and Ashin Tiloka from Tipitaka Nikaya Monastery from Momeik Hill of Mingun in Sagaing, Sagaing Region for passing the oral test of two Pitaka treatises, respectively.

Union Ministers U Maung Maung Ohn, U Tin Oo Lwin and Dr Thet Khaing Win, Yangon Region Chief Minister U Soe Thein, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Yangon Command and officials presented Dighabhanaka title to nine monks, Vinayakovida title to one monk, Vinayadhara title to 29 monks, Ubhato Vibhangakovida title to 29 monks and Ubhato Vibhangadhara title to 46 monks respectively.

Abbot of Dhammathameikdi Monastery from New Masoeyein Monastery *See Page 14*



A Sayadaw receives religious title and certificate.



A Sayadaw receives religious title and certificate.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects Nyaung Hnint Pin Special Agriculture & Livestock Breeding Zone, Shwepyi Agriculture & Livestock Zone Project in Yangon Region



Vice-Senior General Soe Win hears reports on ongoing projects at the Shwepyi Agricultural and Livestock Zone project.

**Nay Pyi Taw May 22**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by Yangon Region Chief Minister U Soe Thein, senior military officers from the Office of the Commander-in-Chief of Defence Services, the Yangon Region Command Commander, and other officials, inspected the Nyaung Hnint Pin Special Agriculture Livestock Breeding Zone and the Shwepyi Agriculture and Livestock Breeding Zone Project in Yangon Region this morning.

First, the Vice-Senior General and party visited farms in the Nyaung Hnint Pin Special Agriculture and Livestock Breeding Zone run by Sein Lan Agricultural Production and General Trading Cooperative Limited and Tun Organic Cooperative and inspected the cultivation of seasonal crops including green and white mustard, Yu Choy, Taiwan mustard, lettuce, roselle, turnip, laksa leaf, soap acacia, acacia intsia, coriander and others, the marketing of the vegetables and the use of foliar sprays and pesticides mixed with EM Bokashi made from plant waste materials and discussed interesting points.

The Nyaung Hnint Pin Special Agriculture and Livestock Breeding Zone covers a total area of 9,106.47 acres, of which 7,458.57 acres are for agriculture and 242 members of Sein Lan Agricultural Production and General Trading Cooperative Limited are cultivating vegetables and seasonal crops on 140 acres while 108 members of Tun Organic Cooperative are cultivating similar crops on 60 acres. It was reported that 20 to 30 tons of vegetables and seasonal produce are distributed and sold to wholesale and retail markets within the region daily.

Next, the Vice-Senior General and party visited the Learning Center of the C.P. Group and inspected the high-tech pig farming operations utilizing an Evaporative Cooling System. The Vice-Senior General discussed detailed explanations presented by responsible officials and gave necessary instructions. The Learning Center operates 27 pig farms, with around 600 pigs per farm, totaling over 16,000 pigs. It was reported that this center plays a supportive role in meeting the regional demand for meat and fish on a daily basis.

Then, the Vice-Senior General visited the Myanmar Green Light (MGL) Agricultural and Livestock Farm and inspected the integrated farming of layer chickens and fish, edible-nest swiftlet farming and cultivation of pomelo and durian and gave suggestions and directives as necessary. The MGL farm spans about 300 acres, with 13 poultry farms raising 20,000 chickens and 80,000 layer chickens, distributing over 58,000 eggs daily to both wholesale and retail markets in the area.

Subsequently, the Vice-Senior General and party visited the Nyaung Hnint Pin Special Agriculture and Livestock Breeding Zone Hall and met with entrepreneurs operating within the zone and relevant departmental officials from Hmawbi Township. The Vice-Senior General heard reports on the management of agricultural and livestock enterprises in designated sub-zones, the formation of zone committees, the operations being carried out, and supplying vegetables, seasonal crops, meat, milk, and eggs to markets, the ongoing implementation of directives issued by the Head of State and the plans to continue developing the agricultural zone effectively submitted by the Yangon Region chief minister.

In his address regarding the presentations, the Vice-Senior General stated that the SAC is actively working to implement *See Page 14*



Vice-Senior General Soe Win gives guidelines to officials at Nyaung Hnint Pin Special Agriculture & Livestock Breeding Zone.



Vice-Senior General Soe Win inspects breeding tasks under automatic system.



Vice-Senior General Soe Win inspects a chicken farm.



A Sayadaw receives religious title and certificate.

*From Page 12*

Aggamaha Saddhamma-jotikadhaja Maha Dhammakathika Bahujanahitadhara Bhaddanta Vasettha Bhivamsa, who is Secretary of SSMNC delivered a sermon, and the congregation led by the Vice-Senior General shared merits gained.

Vice-Senior General Soe Win and his wife Daw Than Than Nwe, dignitaries, congregation and well-wishers donated alms to examination winner monks.

A total of 97 members of the Sangha passed the 77th examination. They were one Tipitakadhara Tipitakakovida title winner for passing both oral and writing tests of Tri Pitaka treatises, two Dighanikayakovida title winners for passing the writing test of two Pitaka treatises, 11 Dighabhanaka title winners for passing the oral teat of two Pitaka treatises, one Vinayakovida title winner for passing the writing test of one Pitaka treatise, 29 Vinayadhara title winners for passing the oral test of one Pitaka treatise, seven Ubhato Vibhangakovida title winners for passing the writing test of first portion of Vinaya Pitaka treatise and 46 Ubhato Vibhangadhara title winners for passing the oral test of first portion of Vinaya Pitaka treatise.

The Tipiṭakadhara Tipiṭakakovida Selection Examination was held with the intention of identifying outstanding individuals within the Buddha's dispensation who possess exceptional ordination merit, profound wisdom, and complete knowledge to honour and promote the Pariyatti Sāsana, to confer the highest recognition on those who contribute to the Sāsana; and to identify and venerate distinguished individuals who uphold the Piṭaka treatises dedicated to Dhamma Ceti. Up to the recently completed the examinations during this 77-year period, a total of 17 venerable members of the Sangha have been honoured with the prestigious title of Tipiṭakadhara Tipiṭakakovida. Furthermore, upon completing five years after receiving the Tipiṭakadhara title, these venerable members of the Sangha are conferred with the Tipiṭakadhara Dhammabhandāgārika title by the State. So far, 15 Tipiṭakadhara Dhammabhandāgārika Sayadaws have received this higher distinction. It is expected that more Tipiṭakadhara Tipiṭakakovida title winner members of the Sangha will continue to emerge in the future.

After the ceremony, the Vice-Senior General and party inspected painting at the Maha Pasana Cave and other religious buildings, repair of sound-proof walls and pipelines, coating the waterproof paint, installation of a 630-kilo elevator and fixing the lightning conductor and left necessary instructions to officials.

100

*From Page 13*

the country's political goals and national objectives. Furthermore, the Vice-Senior General noted that the second of the two national objectives—food security—is being successfully implemented. He emphasized that access to clean drinking water and potable water is essential for the development of agriculture and livestock farming. To safeguard existing water resources, particularly in the streams, rivers, and other sources, he stressed the importance of preserving forests and trees, warning against deforestation due to various factors. In the event of deforestation, it is essential to promptly replant fast-growing tree species. Conservation measures must also be carried out to prevent flooding in existing rivers and canals. These efforts should begin at the sources of rivers and streams to help prevent topsoil erosion caused by water diversion.

To ensure that all residents of the Yangon Region have sufficient daily food, it is essential to produce an adequate supply of meat, fish, eggs, and vegetables. Effective implementation of the established plans is crucial to achieving this goal. In the course of production, meat, fish, eggs, and vegetables must be cultivated in accordance with the designated farming zones. As current production levels remain insufficient, it is essential for project planners, regional government officials responsible for overseeing implementation, and producers involved in execution to take coordinated measures to ensure food and water security. These efforts must focus on balancing supply and demand in line with the population. Officials at all levels of supervision must ensure the systematic implementation of the program and provide timely support in securing essential seeds, feed, and medicine for livestock farming.

Additionally, biosecurity is of paramount importance in livestock farming, necessitating the implementation of systematic precautions from the very outset of establishment. In conducting agricultural and livestock activities, it is essential to adopt modern, scientific farming methods in place of traditional practices. To achieve this, the relevant regional and district staff officers need to provide advice and hold discussions, as well as offer education through experts, leaving no stone unturned. Business owners must also strive to achieve success within their respective farming and agricultural zones. Not only is it essential to ensure regional food security, but proper management is also needed to preserve surplus meat and fish through modern freezing systems, facilitate their transport to foreign markets, and attract business owners to invest.

Subsequently, the Vice-Senior General and members inspected the breeding of pigs for meat production and high-quality egg-laying chickens in Zone (2) and provided instructions to officials as necessary.

Afterwards, the Vice-Chairman of the State Administration Council Deputy Prime Minister, and party visited the Nyaungnghpin Union Hall, where the National Convention was held near Nyaungnghpin Village. They inspected the ongoing renovation and maintenance work on the Union Hall and its dedicated meeting rooms. The Deputy Prime Minister emphasized that since these are historically significant buildings, systematic preservation efforts must be undertaken to prevent deterioration and damage. He also instructed officials to ensure regular cleaning of the buildings' interiors, exteriors, and surrounding areas, as well as to address any other necessary tasks.

Subsequently, Vice-Senior General Soe Win, and party visited the Shwepyi Agricultural and Livestock Zone project, implemented by the Myanmar Economic Corporation. At the meeting hall within the zone, an official presented updates on the ongoing projects, including layer poultry farming, meat pig farming, piglet production, hybrid corn seed cultivation, animal feed production, and the installation of solar power systems for poultry farms. The status of the constructed facilities was also explained.

Following the briefing, the Deputy Prime Minister instructed the Myanmar Economic Holdings Public Company Limited and the Myanmar Economic Corporation to produce animal feed and distribute it at affordable prices to both upper and lower regions of Myanmar. He also directed that meat, fish, eggs, and other food products from the zones be sold at reasonable prices to military personnel, civil servants, and local residents, in line with the guidance of the Head of State. Additionally, he stressed the importance of biosecurity in livestock farming, urging strict measures from the initial construction phase to safeguard both the farms and the entire project area. Regarding animal feed production, he noted that since experts are already available, efforts should focus on developing successful feed formulations. For hybrid corn seed production, he emphasized ensuring reliable seed varieties for farmers and collaborating with specialists to develop multi-cropping-compatible seeds. He also called for solutions to meet the demand for livestock in the tens and hundreds of thousands across breeding zones, ensuring the supply of high-quality breeds and affordable animal feed. Furthermore, he instructed that windbreak trees be planted in three-row zigzag patterns along the zone's boundaries.

Later, Vice-Senior General Soe Win, and his entourage members inspected enclosed, climate-controlled pig farms (using Evaporated Auto Drinking and Auto Feeding Systems) and Lohmann Brown (Germany) layer poultry farms (operating under Evaporated Fully Automatic Systems) within the zone. They reviewed the operations, asked questions, and provided necessary instructions to the responsible officials.


100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဩစတြေးလျနိုင်ငံက တာလတ်ပျံကာမီကာဇီဒရုန်းများ တီထွင်ထုတ်လုပ်ရန် စစ်ဘက်အစီအမံတစ်ရပ် စတင်



ဩစတြေးလျအစိုးရသည် တာလတ်ပျံသန်းစစ်ဆင်နိုင်မည့် Loitering Munition ကာမီကာဇီတိုက်ခိုက်ရေး ဒရုန်းများကို တီထွင်ထုတ်လုပ်ရန် စစ်ဘက်အစီအမံတစ်ရပ်ကို စတင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆင့်မြင့် မဟာဗျူဟာမြောက်စွမ်းဆောင်ရည်များ အရှိန်မြှင့်တင်ရေး (ASCA) အဖွဲ့၏ မစ်ရှင်တစ်စိတ်တစ်ပိုင်းဖြစ်သော Talon Strike ပရိုဂရမ်သည် ပွဲထိန်းဒုံးကျည်များ၏ စွမ်းရည်များနှင့်အတူ အရွေ့စွမ်းအင်သုံး တိုက်ခိုက်ရေးစနစ်များကို ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည် ဖော်ဆောင်သွားမည်ဖြစ်သည်။

၎င်းအစီအမံသည် တာတိုမှတာဝေးကွာဟချက်ကို ပေါင်းစပ်ညှိနှိုင်းပြီး ရန်သူများကို တန်ပြန်ချေမှုန်းတိုက်ခိုက်နိုင်ရန် မြေပြင်တိုက်ခိုက်ရေးတပ်ဖွဲ့များကို စွမ်းဆောင်ရည်မြှင့်တင်ပေးမည့် ကုန်ကျစရိတ်သက်သာသော ပြည်တွင်းထုတ်စစ်လက်နက်ပစ္စည်း စွမ်းရည်များ ရှာဖွေကြံဆလာခြင်းဖြစ်သည်။ ဝယ်ယူမှုကဏ္ဍတွင်လည်း ဆက်စပ်လောင်ချာများ၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်မှုစနစ်များပါရှိသော တိုက်ခိုက်ရေးဒရုန်းများ ပါဝင်ပြီး မြေပြင်အခြေစိုက် ပစ်လွှတ်ရေးစနစ်များဖြင့် တိုက်ပွဲဝင်ဖြန့်ကြက်နိုင်မည်ဖြစ်သည်။

ASCAအဖွဲ့က စတင်အကောင်အထည်ဖော်ခဲ့သောTalon Strike ပရိုဂရမ်သည် အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ဦးစားပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံကာကွယ်ရေးစက်မှုဝန်ကြီး Pat Conroy က ပြောကြားခဲ့သည်။

"ဒီမစ်ရှင်ဟာပြီးခဲ့တဲ့ သုံးနှစ်အတွင်း ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ခြိမ်းခြောက်မှုတွေကို မြန်မြန်ဆန်ဆန်နဲ့ တိကျစွာတုံ့ပြန်ဖြေရှင်းနိုင်တဲ့ ပြည်တွင်းထုတ် တိကျပဲ့ထိန်းလက်နက်ခဲယမ်းတွေကိုတီထွင်ဖို့ အစိုးရရဲ့ရည်မှန်းချက်နဲ့ ကိုက်ညီပါတယ်။ Talon Strike ပရိုဂရမ်မှတစ်ဆင့် ဩစတြေးလျကာကွယ်ရေး တပ်ဖွဲ့ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေသလို တစ်ဖက်ကလဲ ဩစတြေးလျစက်မှုလုပ်ငန်းနဲ့ ပညာရှင်တွေရဲ့ တီထွင်မှုတွေကို ဆက်လက်ပံ့ပိုးပေးနေပါတယ်"ဟု ၎င်းက ထည့်သွင်းရှင်းပြခဲ့သည်။

အဆိုပါပရိုဂရမ်သည် အလိုအလျောက်လုပ်ဆောင်နိုင်မည့် အသေးစားဒရုန်းများ တန်ပြန်တိုက်ဖျက်ရေးစွမ်းရည်များ ပိုင်ဆိုင်နိုင်ရေးဆောင်ရွက်နေသော Mission Syracuse စီမံကိန်းနောက်တွင် ထပ်ဆင့်ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ Mission Syracuse သည် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့အတွက် ပြီးပြည့်စုံသော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တစ်ရပ်ကို တီထွင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည့် ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာန၏ Project LAND 156 ကို အားဖြည့်ပေးနိုင်မည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံ၏ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးတိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်များ ဆက်တိုက်ချိတ်ဆက်လုပ်ဆောင်နေခြင်းဟု ရှုမြင်နိုင်သည်။

ASCA အဖွဲ့၏ ရည်မှန်းချက်မှာဦးစားပေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ဩစတြေးလျစက်မှုလုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုဖြင့် လုပ်ဆောင်ခြင်းဖြင့် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့များထံ ဘက်မညီသောစွမ်းရည်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်နည်းဗျူဟာများ အသွင်ကူးပြောင်းကျင့်သုံးရေးကို အရှိန်မြှင့်တင်ရန်ဖြစ်သည်။ အသေးစားဒရုန်းများ၏ ခြိမ်းခြောက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစိုးရက ကာကွယ်ရေးဝန်ကြီးအား၂၀၂၄ ခုနှစ် အမျိုးသားကာကွယ်ရေးမဟာဗျူဟာဖြင့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစွမ်းရည်များ ဝယ်ယူဖြည့်တင်းသွားရန် ညွှန်ကြားထားပြီး၊ Mission Syracuse သည် ပြည်တွင်း၌ရောနိုင်ငံတကာတွင်ပါ အသုံးပြုနေသော နောက်ဆုံးပေါ်စနစ်များ တီထွင်ထုတ်လုပ်၊ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်ဟု ASCA အဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး Hugh Meggitt က ပြောကြားခဲ့သည်။

**Australia to Develop Medium-Range Precision Loitering Munitions ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံ ဒုံးကျည်ကာကွယ်ရေးအေဂျင်စီက Raytheon ကုမ္ပဏီထုတ် အဆင့်မြှင့်တင်ထားသော AN/TPY-2 ရေဒါကို လက်ခံရရှိ



အမေရိကန်နိုင်ငံ ဒုံးကျည်ကာကွယ်ရေး အေဂျင်စီသည် ပဲ့ထိန်းဒုံးကျည် ခြိမ်းခြောက်မှုများကြားတွင် ဟိုက်ပါဆောနစ်လက်နက်များရန်မှ ကာကွယ်ရေးအတွက် ရှာဖွေထောက်လှမ်း၊ခြေရာခံထိန်းကျောင်းရန်နှင့် စိစစ်ခွဲခြားဖော်ထုတ်နိုင်ရန် Raytheon ကုမ္ပဏီထုတ်အဆင့်မြှင့်တင်ထားသော AN/TPY-2 ရေဒါကို လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၂၀ရက်တွင်ရေးသားဖော်ပြခဲ့သည်။

ခါတ်သတ္တုပစ္စည်းပိုင်းတွင် Gallium Nitride (GaN) တစ်ပိုင်းလျှပ်ကူးပစ္စည်းအပြည့်အဝ အသုံးပြုထားသောကြောင့် Raytheon ကုမ္ပဏီထုတ် အဆိုပါ AN/TPY-2 ရေဒါတွင် ဟိုက်ပါဆောနစ်ပဲ့ထိန်းဒုံးကျည်များကို ထောက်လှမ်းနိုင်စွမ်း၊ အကွာအဝေးနှင့် စောင့်ကြည့်နိုင်စွမ်းကို သိသိသာသာ မြှင့်တင်ပေးထားနိုင်သည်။

၎င်းရေဒါသည် တိကျသောပစ်မှတ်စိစစ်ခွဲခြားမှုနှင့် အီလက်ထရွန်နစ်တိုက်ခိုက်မှုများကို ကာကွယ်ရန်အတွက် နောက်ဆုံးပေါ်စွမ်းဆောင်ရည်မြင့် CX6 ဆော့ဖ်ဝဲလ်ကိုအသုံးပြုထားပြီး ခြိမ်းခြောက်မှုနှင့် ခြိမ်းခြောက်မှုမရှိသော ပစ်မှတ်များကြား တိကျစွာခွဲခြားနိုင်ရန် လျှပ်စစ်သံလိုက်လှိုင်းရောင်စဉ်တန်းများတွင် X-band လှိုင်းနှုန်းဖြင့်လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၎င်းရေဒါသည် အမေရိကန် ဒုံးကျည်ကာကွယ်ရေးအေဂျင်စီထံ လွှဲပြောင်းပေးအပ်ရာတွင် GaN ခါတ်သတ္တုပစ္စည်းသုံး ပထမဆုံးရေဒါစနစ်ဖြစ်သော်လည်း ၎င်းသည် အမေရိကန်နိုင်ငံအနေဖြင့် ၁၃ စုံမြောက် AN/TPY-2 ရေဒါကို လက်ခံရရှိခဲ့ခြင်းလည်းဖြစ်သည်။

“ဒါဟာ အမေရိကန်စစ်ဘက်အတွက် ကုန်ကျစရိတ်သက်သာပြီး သာလွန်ကောင်းမွန်တဲ့စွမ်းရည်တွေထုတ်လုပ်နိုင်ဖို့ Raytheon ကုမ္ပဏီက နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုနဲ့ ဆန်းသစ်တီထွင်မှုတွေကို အသုံးချပြီး တည်ဆောက်ထားခဲ့တဲ့ AN/TPY-2 ရဲ့ အဆင့်မြင့်ဆုံးဗားရှင်းဖြစ်ပါတယ်”ဟု Raytheon ကုမ္ပဏီ လေကြောင်းနှင့် အာကာသကာကွယ်ရေးစနစ် ဌာန၏ ဥက္ကဋ္ဌ Sam Deneke က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်းကချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ဘီလီယံတန် ဝယ်ယူရေးသဘောတူစာချုပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် GaN နည်းပညာသုံးAN/TPY-2 ရေဒါကို ပထမဆုံးလက်ခံရရှိခဲ့ကြောင်း သိရသည်။

AN/TPY-2 ရေဒါသည် ပင်တဂွန်စစ်ဌာနချုပ်၏ Terminal High Altitude Area Defense (THAAD)စနစ်တွင် ပါဝင်ဖွဲ့စည်းထားသော အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းရေဒါသည် တာတို၊ တာလတ်နှင့် တာဝေးပစ်ပဲ့ထိန်းဒုံးကျည် ခြိမ်းခြောက်မှုများကို လေထုအတွင်းနှင့် လေထုအလွှာအပြင်ဘက်တွင် ကြားဖြတ်ပစ်ချနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ GaN နည်းပညာသည် ရေဒါ၏ အာရုံခံနိုင်စွမ်းနှင့် အကွာအဝေးကိုတိုးမြှင့်ခြင်းဖြင့် ခြိမ်းခြောက်မှုများကို ကြိုတင်ထောက်လှမ်းရာတွင် ကူညီပေးနိုင်ပြီး လက်နက်စနစ်အော်ပရေတာများမှ ဝင်ရောက်လာသည့် ပဲ့ထိန်းဒုံးကျည်များအနေဖြင့် လှုပ်ရှားစစ်ကစားမှု မပြုလုပ်နိုင်မီကတည်းကပင် တိုက်ခိုက်ဖျက်ဆီးနိုင်လိမ့်မည်ဟု Raytheon ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Jon Norman က ပြောကြားခဲ့သည်။

အဆိုပါ အဆင့်မြှင့်ထားသောရေဒါစနစ်သည် ဒုံးကျည်၏ထိပ်ဖူးမှ အားမြှင့်ကိရိယာ ထွက်ခွာသွားသည့်အချိန်တွင် ၎င်းတို့ကို ထောက်လှမ်းရန် ခက်ခဲစေသည့် ရှုပ်ထွေးနက်နဲသော လှုပ်ရှားစစ်ကစားပျံသန်းနိုင်မှုများဖြင့် မြန်နှုန်းမြင့် အသံထက်မြန်သော ဟိုက်ပါဆောနစ်ပစ်မှတ်များကို ထောက်လှမ်းတွေ့ရှိနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**US Receives First Upgraded AN/TPY-2 Radar For Boosted Hypersonic Defense ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**





တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲသြဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌဉာဏာလင်္ကာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။



ဒီဃနိကာယကောဝိဒဘွဲ့ရရှိတော်မူသည့်ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

ရှေ့ဖုံးမှအဆက်

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊တိပိဋကပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် အာဂုံသဘောရေးဖြေအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်၎င်းတို့၏ဇနီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ









**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် အခြားသာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုက်ဂူအတွင်းဆေးသုတ်ခြင်း၊ အသံထိန်းနံရံပြုပြင်ခြင်း၊ ရေလုံဆေးသုတ်ခြင်း၊ ရေဆင်းပိုက်လိုင်းပြုပြင်ခြင်း၊630 kg ဓာတ်လှေကားသစ်တပ်ဆင်ခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ သာရဏီယသြဝါဒကထာကို စာမျက်နှာ ၂၁ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည်အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်များဆက်ကပ်ကြရာ ပိဋကသုံးပုံလုံးကိုအာဂုံနှင့်တကွရေးဖြေအောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပိဋကနှစ်ပုံရေးဖြေအောင်မြင်တော်မူသဖြင့် ဒီဃနိကာယကောဝိဒဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာဇောလင်္ကာရနှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်မှ အရှင်စန္ဒောဘာသာလင်္ကာရပိဋကနှစ်ပုံအာဂုံအောင်မြင်တော်မူသဖြင့် ဒီဃဘာဏကဘွဲ့ရရှိတော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဇနပ္ပိယာလင်္ကာရနှင့်အရှင်တိလောကတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒီဃဘာဏကဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ်ကိုးပါး၊ ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် တစ်ပါး၊ ဝိနယဓရဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် ၄၆ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည်အရှင်သူမြတ်တို့အား ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋကသုံးပုံအာဂုံရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ သာသနဓဇအာဇာနည်အရှင်မြတ် တစ်ပါး၊ပိဋကနှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒအရှင်မြတ် နှစ်ပါး၊ ပိဋကနှစ်ပုံအာဂုံအောင် ဒီဃဘာဏက အရှင်မြတ်၁၁ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒအရှင်မြတ် တစ်ပါး၊ ပိဋကတစ်ပုံအာဂုံအောင် ဝိနယဓရအရှင်မြတ် ၂၉ ပါး၊ ဝိနယပိဋကရှေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒအရှင်မြတ် ခုနစ်ပါး နှင့် ဝိနယပိဋကရှေ့ပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရအရှင်မြတ် ၄၆ ပါး စုစုပေါင်း ၉၇ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီအထူး ဉာဏ်ပညာအထူးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကိုအားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံးချီးမြှောက်ရေးနှင့်သာသနာတော်၌ဓမ္မစေတီထိုက်သော ပိဋကနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကိုဖော်ထုတ်ပူဇော်ရေးရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုကျင်းပပြီးစီးခဲ့သည့် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲထိ ၇၇ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်သူမြတ် ၁၇ ပါးပေါ်ထွန်းခဲ့ပြီး ယင်းဘွဲ့တံဆိပ်တော်ကိုရရှိပြီး၍ ငါးနှစ်ပြည့်မြောက်သည့်အခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်က ဆက်ကပ်သည့်အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ရ ဆရာတော်ကြီး ၁၅ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်၍ တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇအာဇာနည် အရှင်သူမြတ်များ ဆက်လက် ပေါ်ထွန်းလာဦးမည်ဖြစ်ကြောင်း သိရသည်။

မဟာမင်္ဂလာ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် အခြားသာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုက်ဂူအတွင်းဆေးသုတ်ခြင်း၊ အသံထိန်းနံရံပြုပြင်ခြင်း၊ ရေလုံဆေးသုတ်ခြင်း၊ ရေဆင်းပိုက်လိုင်းပြုပြင်ခြင်း၊ 630 kg ဓာတ်လှေကားသစ်တပ်ဆင်ခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်နှင့် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ရှိ ခြံထွက်ဟင်းသီးဟင်းရွက်များ၊ ဈေးကွက်တင်ပို့မှုနှင့် အပင်စွန့်ပစ်ပစ္စည်းနှင့် အီးအမ်ဘိုကာရှီရောစပ်ထားသည့် ရွက်ဖျန်းအားတိုးဆေး၊ ကာကွယ်ဆေးများ အသုံးပြုမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားညီလာခံကျင်းပခဲ့သည့် ညောင်နှစ်ပင်ပြည်ထောင်စုခန်းမကြီးနှင့် သီးသန့်ဆွေးနွေးခန်းမများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် မေ ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်နှင့် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ရှိ စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အသင်းနှင့် “ထွန်း”ဓာတုကင်းလွတ်သမဝါယမအသင်း စိုက်ပျိုးရေးခြံတို့သို့ရောက်ရှိပြီး မုန်ညင်းစိမ်း၊ ဖြူ ယုဆိုင်၊ ထိုင်ဝမ်မုန့်ညင်း၊ ဆလတ်၊ ချဉ်ပေါင်၊ မုန်လာ၊ ဖက်ဖယ်၊ ကန်ပွန်းချဉ်၊ ဆူးပုပ်၊ နံနံပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ခြံထွက်ဟင်းသီးဟင်းရွက်များ၊ ဈေးကွက်တင်ပို့မှုနှင့် အပင်စွန့်ပစ်ပစ္စည်းနှင့် အီးအမ်ဘိုကာရှီရောစပ်ထားသည့် ရွက်ဖျန်းအားတိုးဆေး၊ ကာကွယ်ဆေးများ အသုံးပြုမှုတို့ကို လိုက်လံကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်သည် မြေဧက ၉၁၀၆ ဒသမ ၄၇ ဧကရှိသည့်အနက်မှ စိုက်ပျိုးရေးမြေဧကမှာ ၇၄၅၈ ဒသမ ၅၇ ဧကဖြစ်ပြီး စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်အသင်းတွင် အသင်းဝင်တောင်သူ ၂၄၂ ဦးတို့က မြေဧက ၁၄၀ တွင် ဟင်းသီးဟင်းရွက်များနှင့် အခြားရာသီပေါ်သီးနှံများကိုလည်းကောင်း၊ “ထွန်း”ဓာတုကင်းလွတ်သမဝါယမအသင်းတွင် အသင်းဝင်တောင်သူ ၁၀၈ ဦးတို့က မြေဧက ၆၀ တွင် ဟင်းသီးဟင်းရွက်များနှင့် အခြားရာသီပေါ်သီးနှံများကိုလည်းကောင်း စိုက်ပျိုးထားပြီး စိုက်ပျိုးရေးဇုန်အတွင်းမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များနှင့် ရာသီပေါ်သီးနှံများပေါ်မူတည်ပြီး ဒေသအတွင်းရှိလက်လီလက်ကားဈေးများသို့ နေ့စဉ် တန်ချိန် ၂၀ နှင့် ၃၀ အကြား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် C.P Group ရှိ Learning Center သို့ရောက်ရှိကြပြီး Evaporated Cooling System ဖြင့် အဆင့်မြင့်အသားတိုးဝက်မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ Learning Center တွင် ဝက်မွေးမြူရေးခြံ ၂၇ ခြံရှိပြီး တစ်ခြံတွင် အကောင် ၆၀၀ နှုန်းဖြင့် ဝက်အကောင်စုစုပေါင်း ၁၆၀၀၀ ကျော် မွေးမြူထားရှိကြောင်းနှင့် ဒေသတွင်း အသားငါးလိုအပ်ချက်များကို နေ့စဉ် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း C.P Group ရှိ Learning Center တွင် Evaporated Cooling System ဖြင့် အဆင့်မြင့်အသားတိုးဝက်မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် Myanmar Green Light (MGL) စိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ဥစားကြက်နှင့် ငါးကန်တွဲဖက်မွေးမြူထားမှု၊ ဇီဝဓိုးငှက်များ မွေးမြူထားရှိမှုနှင့် ကျွဲကောပင်များနှင့် ဒူးရင်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အကြံပြုမှာကြားသည်။ အဆိုပါ Myanmar Green Light (MGL) စိုက်ပျိုးမွေးမြူရေးခြံသည် ဧက ၃၀၀ ခန့်ကျယ်ဝန်းပြီး ကြက်မွေးမြူရေးခြံ ၁၃ ခြံတွင် မီးကိုင်ကြက်အကောင် ၂၀၀၀၀ နှင့် ဥစားကြက် အကောင် ၈၀၀၀၀ မွေးမြူထားရှိပြီး ဒေသတွင်းရှိ လက်လီလက်ကားဆိုင်များသို့ နေ့စဉ် ကြက်ဥအလုံး ၅၈၀၀၀ ကျော် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၉ သို့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား တာဝန်ရှိသူတစ်ဦးက ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၁၈ မှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်ခန်းမသို့ ရောက်ရှိကြပြီး ဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ၊ မှော်ဘီမြို့နယ်အတွင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇုန်များအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အပိုင်းလိုက်ခွဲခြားဆောင်ရွက်ထားရှိမှု၊ ဇုန်အလိုက် ကော်မတီများဖွဲ့စည်းထားရှိမှု၊ ဇုန်အလိုက်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဟင်းသီးဟင်းရွက်များနှင့် ရာသီပေါ်သီးနှံ၊ အသား၊ နွားနို့နှင့် ဥများ ထုတ်လုပ်ရောင်းချပေးနိုင်မှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးဇုန်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အနက်မှ ဒုတိယအချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် သန့်ရှင်းသော သုံးရေ၊ သောက်ရေများ ရရှိအသုံးပြုနိုင်ရေးသည် အရေးပါကြောင်း၊ ထို့ကြောင့် ရှိပြီးရေအရင်းအမြစ်များ မဆုံးရှုံးစေရေး အထူးသဖြင့် ချောင်းဖျား၊ မြောင်းဖျားနှင့် ရေထွက်နေရာများ၏ ရေဝေရေလဲနေရာများတွင် သစ်တောများ၊ သစ်ပင်များ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးမှုမရှိစေရေး ကာကွယ်ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ပြုန်းတီးမှုရှိပါကလည်း အမြန်ဆုံး ကြီးမြန်သစ်ပင်များ စိုက်ပျိုးထူထောင်ရန် လိုအပ်ကြောင်း၊ ၎င်းအပြင် ရှိပြီး မြစ်ချောင်း၊ မြောင်းများ ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် မြစ်ညာနှင့် ချောင်းဖျားနေရာများမှစတင်၍ ရေဝေရေလဲပြုန်းတီးမှုများမှတစ်ဆင့် အပေါ်ယံမြေဆီလွှာများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Lohmann Brown (Germany) ဥစားကြက်များကို အလုံပိတ်အအေးပေးစနစ် (Evaporated Fully Automatic System) ဖြင့် မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသော ပြည်သူများအားလုံး နေ့စဉ်စားသုံးသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ လုံလုံလောက်လောက်ရှိစေရေး လုံလောက်စွာ ထုတ်လုပ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရေးဆွဲထားသည့် စီမံကိန်းများအလိုက် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင် သတ်မှတ်ထားသည့် စိုက်ပျိုးမွေးမြူရေးဇုန်များအလိုက် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို ထုတ်လုပ်သွားရန် လိုကြောင်း၊ လက်ရှိထုတ်လုပ်နေမှုများမှာ လုံလောက်မှုမရှိသေးသဖြင့် စီမံကိန်းရေးဆွဲသူများ၊ စီမံကိန်းအပေါ် စီမံဆောင်ရွက်ရေး ကြီးကြပ်ရမည့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ကြရမည့် ထုတ်လုပ်သူများအနေဖြင့် လူဦးရေနှင့်အညီ Supply နှင့် Demand ကို မျှတမှုရှိစေရေး တွက်ချက်၍ စားရေရိက္ခာဖူလုံမှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်ဆင့်ကြပ်မတ်သူ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ် အကောင်အထည်ဖော်ရမည့်အပြင် မွေးမြူရေးအတွက် လိုအပ်သည့် မျိုး၊ အစာ၊ ဆေးတို့ကိုလည်း အချိန်မီရရှိရေး ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း။

၎င်းအပြင် မွေးမြူရေးလုပ်ငန်းများတွင် ဇီဝကာကွယ်မှုလုပ်ငန်း Biosecurity သည်လည်း အဓိကအရေးကြီးအတွက် စနစ်တကျ ကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင် စဉ်းစားဆောင်ရွက်သွားကြရန် လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာစိုက်ပျိုးမွေးမြူခြင်းထက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူရေးစနစ်များကိုဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်ဦးစီးမှူးများက အကြံပေးဆွေးနွေးခြင်းများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆရာစားမချန်ဘဲ ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များအလိုက် လုပ်ငန်းများ အောင်မြင်မှုများရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း စားရေးဖူလုံမှုကို ဆောင်ရွက်ပေးနိုင်ရုံသာမက တိုင်းဒေသကြီးအတွင်း ပိုလျှံသော သား၊ ငါးများကို ခေတ်မီအေးခဲစနစ်ဖြင့် ထိန်းသိမ်းနိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေးအထိ စီမံသွားရန်နှင့် လုပ်ငန်းရှင်များလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇုန်(၂)အတွင်းရှိ အသားတိုးဝက်များနှင့် အဆင့်မြင့် ဥစားကြက်များ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်ကျေးရွာအနီးရှိ အမျိုးသားညီလာခံကျင်းပခဲ့သည့် ညောင်နှစ်ပင် ပြည်ထောင်စုခန်းမကြီးသို့ သွားရောက်၍ ပြည်ထောင်စုခန်းမကြီးနှင့် သီးသန့်ဆွေးနွေးခန်းမများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုကာ ဒုတိယဝန်ကြီးချုပ်က သမိုင်းဝင်အဆောက်အအုံများဖြစ်သည့်အတွက် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် အဆောက်အအုံများ အတွင်း၊ အပြင်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည့် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် စီမံကိန်းသို့ ရောက်ရှိကြရာ အဆိုပါဇုန်အတွင်းရှိ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေး၊ အသားတိုးဝက်မွေးမြူရေး၊ အသားတိုးဝက်ပေါက်ထုတ်လုပ်ရေး၊ အစေ့ထုတ်ပြောင်း စပ်မျိုး (Hybrid) မျိုးစေ့ စိုက်ပျိုးထုတ်လုပ်ရေး၊ တိရစ္ဆာန်အစာ ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဥစားကြက်ခြံများအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် အဆောက်အအုံများ တည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်က မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့က တိရစ္ဆာန်အစားအစာများ ထုတ်လုပ်ပြီး မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ သက်သာသည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး၊ ဇုန်များမှ ထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် အခြားစားသောက်ကုန် ပစ္စည်းများကိုလည်း တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျအကောင်အထည်ဖော် ကြိုးစားဆောင်ရွက်သွားရန်၊ မွေးမြူရေးလုပ်ငန်းများဖြစ်သည့်အတွက် ဇီဝကာကွယ်ရေး (Biosecurity) သည် အရေးကြီးသဖြင့် စတင်တည်ဆောက်သည့် အချိန်မှပင်စပြီး မွေးမြူရေးခြံများအပြင် စီမံကိန်းဧရိယာတစ်ခုလုံးအတွက် ကြိုတင်စီမံဆောင်ရွက်နိုင်ရေး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာ ထုတ်လုပ်မှုအပိုင်းတွင် ကျွမ်းကျင်ပညာရှင်များရှိပြီးဖြစ်၍ အမှန်တကယ်အောင်မြင်သည့် အစာစပ်နည်းစနစ်များဖြစ်အောင် ဆောင်ရွက်သွားရန်၊ အစေ့ထုတ်ပြောင်းစပ်မျိုး(Hybrid) မျိုးစေ့များ ထုတ်လုပ်ရာတွင်လည်း သုံးစွဲသူတောင်သူများအတွက် အာမခံမှုရှိသည့် မျိုးများဖြစ်ရန်လိုအပ်ပြီး စိုက်ပျိုးသည့်တောင်သူများ သီးထပ်စိုက်ပျိုးနိုင်သည့် ပြောင်းမျိုးစေ့များ ဖြစ်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ရန်၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အကောင်ရေ သောင်းဂဏန်း၊ သိန်းဂဏန်းမွေးမြူရာတွင် မျိုးလုံလောက်စွာ အချိန်မီမရရှိမှုကိုလည်း တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်များနှင့် တိရစ္ဆာန်အစာများ သက်သာသောဈေးနှုန်းဖြင့် ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးပေးရန်နှင့် ဇုန်နယ်နိမိတ်တွင် အရိပ်ရလေကာပင်များကို အပင်သုံးတန်း Zigzag စနစ်ပုံစံဖြင့် စိုက်ပျိုးထားရှိရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇုန်အတွင်း D Y L အသားတိုးဝက်မွေးမြူရန် တည်ဆောက်ထားရှိသည့် အလုံပိတ်အအေးပေးစနစ် (Evaporated Auto Driking Auto Feeding System) ဝက်ခြံများနှင့် Lohmann Brown(Germany) ဥစားကြက်များကို အလုံပိတ်အအေးပေးစနစ် (Evaporated Fully Automatic System) ဖြင့် မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ငါတို့မှ မလုပ်ရင် ...

ဘုန်းမောင်ဝင်း(ဖျာပုံ)

“**အခုချီးမြှင့်ခံရတဲ့ ဆုတံဆိပ်တွေရချင်လို့ တိုက်ခဲ့တာမဟုတ်ဘူး။ ခုလိုရမယ်မှန်းလဲမသိပါဘူး။ ငါတို့မြန်မာပြည်လွတ်လပ်ဖို့အတွက်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့တိုက်ခဲ့တာ။ ငါတို့ခေတ်မှာပေါ်ပေါက်ခဲ့တဲ့ အခက်အခဲ ငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲ**”ဆိုတဲ့ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် တပ်ကြပ်ဘချော(ငြိမ်း)ရဲ့ ပြောစကားမှတ်သားနားထောင်ခဲ့ရပါသည်။ အသက် ၉၈ နှစ်အရွယ်သို့ ရောက်ရှိနေသည့်တိုင် အားမာန်အပြည့်ဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ဝင်ရောက်၍ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့မှုကို ပြန်လည်အမှတ်ရပြောပြခြင်းဖြစ်သည်။ အသက်အရွယ်ကြီးရင့်သော်လည်း နိုင်ငံ့အပေါ်ထားရှိသောစိတ်ထားမှာ နုပျိုလတ်ဆတ်ဆဲ၊ သန်မာနေဆဲ၊မျိုးချစ်စိတ်အပြည့်ရှိနေဆဲဖြစ်ကြောင်း သူစကားများက သက်သေထူနေသည်။ ဂျပန်ခေတ်တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့မှုများကို အားပါးတရ စိတ်အားထက်သန်စွာ လက်သီးလက်မောင်းတန်းကာ ပြန်ပြောပြသည်။ နောင်လာနောက်သားများအတွက် အတုယူမှတ်သားထိုက်သော လွတ်လပ်ရေးမော်ကွန်းဝင်တစ်ဦး၏ အမှာစကားလည်းဖြစ်သည်။

နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကြသည်။ ဤသည်မှာ တပ်မတော်၏ကောင်းသောအစဉ်အလာဖြစ်သည်။ တပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသူများသည် တပ်မတော်တာဝန်များကို လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်နေသူများဖြစ်သည်။ တပ်မတော်အငြိမ်းစားအရာရှိများသည် ယင်းတို့၏ မိဘဆရာသမားများဖြစ်သည်။ ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ အထက်အောက်ရှိသေလေးစားမှုဖြင့် ဂါရဝပြုကန်တော့ခြင်းသည် တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းတစ်ခုပင်ဖြစ်သည်။ နှစ် ၈၀ ပြည့်တပ်မတော်နေ့တွင် အငြိမ်းစားတပ်မတော်အရာရှိကြီးများကို ဂါရဝပြုသည့်နည်းတူ လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့၏ သုံးကြိမ်တိုင်တိုင် မတရားကျူးကျော်သိမ်းပိုက်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး သူ့ကျွန်ဘဝဖြင့်နှစ်ပေါင်း ၁၂၃ နှစ်တိုင် နေထိုင်ခဲ့ရသည်။ နယ်ချဲ့တို့၏ ကုပ်သွေးစုပ်အမြတ်ထုတ်မှုကိုခံခဲ့ရသကဲ့သို့ ဖက်ဆစ်ဂျပန်တို့၏ အနိုင်ကျင့်နှိပ်စက်မှုကိုလည်း ကြုံတွေ့ခံစားခဲ့ရသည်။ သူ့ကျွန်ဘဝမှလွတ်မြောက်၍ လွတ်လပ်ရေးရရှိနိုင်ရေး နှစ်ပေါင်းများစွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြရသည်။ ထိုခေတ်၊ ထိုကာလက မျိုးချစ်နိုင်ငံ့သားကောင်းများသည် မြန်မာနိုင်ငံသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် သူ့ကျွန်ဘဝအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းပေးရန် တာဝန်ရှိသည်ကိုခံယူ၍ ကိုယ်ပိုင်အသိစိတ်ဓာတ်ရှိစွာဖြင့် လွတ်လပ်ရေးတိုက်ပွဲကိုဝင်ခဲ့ကြသည်။ အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်တိုက်ပွဲဝင်ခဲ့ကြ၍သာ ယနေ့ကဲ့သို့ လွတ်လပ်သောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။



သူ့ကျွန်ဘဝ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ မျိုးချစ်လူငယ်များ၏စိတ်ထဲတွင် အဆိုပါ **ငါတို့ခေတ်မှာ ကြုံတွေ့နေရတဲ့အခက်အခဲ ငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲ** ဟူသည်ကိုစွဲမှတ်ခံယူ၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ကြခြင်းပင်ဖြစ်သည်။ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည်တတိယဟူသော ဦးတည်ချက်ထားကာ မမိုတ်မသုန် ကြိုးပမ်းခဲ့ကြခြင်းကြောင့်သာလျှင် မြန်မာနိုင်ငံ၏ အနာဂတ်လွတ်လပ်ရေးအလင်းရောင် သန်းခဲ့ရခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးစကာလတွင် ပြည်တွင်းဆူပူသောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်မှုအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ အင်းစိန်ထိ သူပုန်များသိမ်းပိုက်ထားပြီး ရန်ကုန်အစိုးရဟုဆိုရလောက်သည်ထိ အစိုးရ၏အချုပ်အခြာအာဏာသည်ရန်ကုန်မြို့ကွက်ကွက်ကလေးအပေါ်၌သာ သက်ရောက်မှုရှိတော့သည့်အခြေအနေမျိုးထိ ဖြစ်ခဲ့ရသည်။ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားလက်လှမ်းမမီသည့် မြို့ရွာများ၌ သောင်းကျန်းသူများကြီးစိုးပြီး တရားဥပဒေကင်းမဲ့ကာ ပြည်သူအများ အတိဒုက္ခရောက်စွာဖြင့် ကျီးလန့်စာစားဘဝဖြင့် နေထိုင်ခဲ့ကြရသည်။ ထိုအခြေအနေမှ နိုင်ငံတစ်ဝန်းအစိုးရ၏ အချုပ်အခြာအာဏာပြန်လည်တည်ဆောက်နိုင်စေရေး တည်ငြိမ်



အေးချမ်းမှုကိုလိုလားသော နိုင်ငံသားများ၏ တာဝန်သိသိပူးပေါင်းပါဝင်မှုဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ပြည်တွင်းရေးမငြိမ်သက်မှုကိုအခွင့်ကောင်းယူ၍ သံလွင်မြစ်အရှေ့ဘက်ခြမ်းထိကျူးကျော်သိမ်းပိုက်လာသည့် တရုတ်ဖြူကူမင်တန်များကိုလည်း နိုင်ငံသားများ၏ စုပေါင်းအားဖြင့် အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။ ဤကဲ့သို့ မြန်မာနိုင်ငံ၌ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ရချိန်များတွင် ထိုခေတ်၊ ထိုကာလက မြန်မာနိုင်ငံသားများက **ငါတို့ခေတ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲ ငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲ** ဟူသည့်စိတ်ထားကို စွဲမှတ်ခံယူ၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းပင်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာသော မဲလိမ်မဲခိုးမဲမသမာမှုများကို NLD ပါတီအစိုးရက တရားဥပဒေနှင့်အညီ ဖြေရှင်းမပေးဘဲ တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ယာယီသမ္မတက ဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရခြင်းဖြစ်သည်။ နိုင်ငံတော်၏ အရေးပေါ်အခြေအနေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကိုဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို ခေတ္တထိန်းသိမ်းရယူဆောင်ရွက်နေရသည့် အခြေအနေဖြစ်သည်။

မဲလိမ်မဲခိုးမှုကြောင့် နိုင်ငံတော်အာဏာ လက်လွှတ်လိုက်ရသော NLD ပါတီမှ ပုဂ္ဂိုလ်အချို့သည် အကြမ်းဖက် CRPH၊ NUG နှင့် PDF အဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး မစားရသည့်အမဲ သဲနှင့်ပက်သည့်နှယ် နိုင်ငံအတွင်း အကြမ်းဖက် အဖျက်လုပ်ရပ်များဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေကြသည်။ နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ လုပ်ဆောင်၍ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ လုံခြုံရေးနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ၊ လမ်းတံတားများကို ပျက်စီးအောင်ဖျက်ဆီး၍ ကုန်စည်စီးဆင်းမှုများ ရပ်တန့်အောင်လုပ်ဆောင်ကာ နိုင်ငံတော်ကို အဘက်ဘက်မှ အခက်အခဲတွေ့အောင်လုပ်ဆောင်နေသော အခြေအနေဖြစ်သည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း အဆိုပါအကြမ်းဖက်မှုများကို ကူညီပေးခဲ့ကြပြီး နိုင်ငံတစ်ဝန်း မတည်မငြိမ်ဖြစ်အောင်တိုးမြှင့်လုပ်ဆောင်၍ ပွဲလန့်တုန်းဖျာခင်းကာ နယ်မြေများသိမ်းပိုက်နိုင်ရေးလုပ်ဆောင်နေကြသည်။ မြို့ရွာများကို အဓမ္မသိမ်းပိုက်ပြီး ပြည်သူများကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ စစ်ဘုရင်ဝါဒကို ဖော်ဆောင်နေကြသည်။

အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်ပါက နိုင်ငံတော်ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာသည့်ကာလများတွင် မြန်မာနိုင်ငံသည် အခြေတကျနှင့် အနေလှခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးအင်အား မတောင့်တင်းခဲ့သည့်အခါ နိုင်ငံ၏ပုံရိပ်သည် မလှမပရှိခဲ့သည်။ နောက်ဆုံးတွင် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးပါ ဆုံးရှုံးသွားခဲ့ရသည်။ နိုင်ငံ၏လွတ်လပ်ရေး ပြန်လည်ရရှိအောင်ကြိုးပမ်းခဲ့ရာတွင်လည်း တပ်မတော်တစ်ရပ်အဖြစ် ပေါ်ထွန်းလာမှသာ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ကြသူများသည် နိုင်ငံ့လွတ်လပ်ရေးရရှိရေးအတွက် အရိုးကြေကြေအရေခန်းခန်း စိတ်ဓာတ်ခိုင်မာစွာဖြင့် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံ့လွတ်လပ်ရေးရရှိရေးအတွက် မိမိလုပ်ငန်းဆောင်တာများကိုပစ်ပယ်ကာ **ငါမှမလုပ်ရင် ဘယ်သူလုပ်မလဲ**စိတ်ဓာတ်ဖြင့် တပ်မတော်သို့ သူ့ထက်ငါဝင်ရောက်ခဲ့ကြသည်။ စိတ်ဓာတ်ကပြင်းထန်သည်။ အမိနိုင်ငံလွတ်လပ်ရေးရရှိရေးသည် အဓိကဖြစ်သည်ဟူသော တူညီသောတာဝန်တစ်ခုကို လူငယ်အားလုံးမည်သူကမျှမပေးအပ်ပါဘဲ ညီညွတ်စွာ မှတ်ယူကြသည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင် ရရှိထားသောလွတ်လပ်ရေးကြီးပြန်လည်မဆုံးရှုံးစေရေး၊ နိုင်ငံတော်၏ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းရောင်စုံသောင်းကျန်းမှုများနှင့် တရုတ်ဖြူကူမင်တန်ကျူးကျော်မှုများကို နိုင်ငံသားများက တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်စိတ်ထားဖြင့်

စာမျက်နှာ ၂၁ သို့

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ကြီး မိန့်ကြားတော်မူသော သာရဏီယဩဝါဒကထာ

(၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက်၊
၂၀၂၅ ခုနှစ် မေ ၂၂ ရက် ကြာသပတေးနေ့)

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆိုဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သာသနဒ္ဓအာဇာနည်အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ ဥပါသိကာမအပေါင်းတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား စိတ်ထားရွှင်လန်း ဝမ်းပန်းတသာ အခါမလပ် အမှတ်ရဖွယ် သမ္မောဒနီယ သာရဏီယ ဩဝါဒစကား မြွက်ကြားလိုပါသည်ဘုရား။

ဦးစွာပထမ စာတော်အောင်မြင် အာဇာနည်အရှင်မြတ်များအတွက် အားတက်ဖွယ်ရာစကား လျှောက်ထားလိုသည်မှာ–

**"ဝီရိယာယတ္တော ဧဝ သဗ္ဗော လောကုတ္တရော လောကိယော စ ဝိသေသာဓိဂမော"** (မူလပဏ္ဏာသဋ္ဌီကာ၊ ပ၊ ၃၈၆) ခပ်သိမ်းသော လောကုတ္တရာတရားများကို မျက်မှောက်ပြုရခြင်းသည်လည်းကောင်း၊ လောကဥ္စဖြစ်သော ထူးကဲသာလွန်ကောင်းမွန်သော အောင်မြင်မှုမျိုးကို ရရှိခြင်းသည်လည်းကောင်း၊ ဝီရိယတရားနှင့် ဆက်နွယ်ကြောင်း ရှေးဆရာကောင်းတို့ ငြိမ့်ညောင်းသံသာဟောမိန့်မှာသည့် စကားတော်နှင့်အညီ လောကီကိစ္စများ၌ သာမန်အောင်မြင်မှုကို သင့်တင့်လျော်ကန်သော ကြိုးစားမှုဝီရိယဖြင့် ရရှိနိုင်သော်လည်း ထူးကဲမွန်မြတ်သော အောင်မြင်မှုကို ထက်သန်သော လုံ့လဝီရိယဖြင့်သာ ရရှိနိုင်ပါသည်။ လောကုတ္တရာတရားထူးတရားမြတ်များကိုကား ထို့ထက်သာလွန်ထက်သန် မြဲမြံသောဝီရိယဖြင့်သာ မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆိုဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သာသနဒ္ဓအာဇာနည်အရှင်မြတ်တို့သည် လောကုတ္တရာတရား ကိုးပါးရကြောင်း နည်းလမ်းကောင်းကို ညွှန်းဆိုမိန့်ကြားရာ ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို ပြန်ဆိုရေးဖြေအောင်မြင်တော်မူကြရာ၌ သာမန်ပြုလုပ် အားထုတ်ကြိုးစားမှုဖြင့် အောင်မြင်မှုကို ရရှိခဲ့ကြသည် မဟုတ်ပါ။ နေ့စဉ်ရက်ဆက် မပျက်မကွက်ဘဲ လေ့ကျက် ပုံမှန် အမြဲသင်အံ ပြန်ဆိုရသည့် ထက်သန်သောလုံ့လဝီရိယနှင့်တကွ ထက်မြက်သော ဆန္ဒ၊ တက်ကြွသော စိတ္တ၊ ထူးချွန်သောပညာ ဤလေးဖြာသော ဣဒ္ဓိပါဒ် ပြည့်စုံပြီးစီးမှုအကြောင်းရင်းကို ပေါင်းစပ်ညီညွတ်မှုကြောင့်သာ အောင်မြင်ကြခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့၏ အကျိုးဖွံ့ဖြိုးပြည့်စုံမှုကို ရရှိတော်မူကြသည့် အရှင်မြတ်တို့မှာ ဝမ်းသာအားရရှိနေကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း နှစ်ထောင်းအားရ ကျေနပ်ဝမ်းမြောက်မှုဖြစ်မိပါသည်။ အရှင်မြတ်တို့အား လာရောက်ဖူးမြော်ပူဇော်ကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအမှူးပြုသည့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့မှာလည်း ဝမ်းသာကြည်ညို သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်များ ဖြစ်ပွားကြမည်ဖြစ်ပါသည်။

**တိပိဋကဓရ တိပိဋကကောဝိဒလောင်းလျာ သာသနဒ္ဓအာဇာနည်**



**အရှင်မြတ်တို့ဘုရား–**

ယခုကဲ့သို့ စာအောင်အရှင်မြတ်တို့၏ အောင်မြင်မှုကို ဝမ်းမြောက်ဝမ်းသာ ကြည်သာရွှင်ပြုံး ကြည်ညိုမဆုံးဖြစ်ကြရသည်မှာ မြတ်စွာဘုရားရှင် သာသနာတော် တည်တံ့ရေးလမ်းကြောင်းပေါ်တွင် အရှင်မြတ်တို့ ရပ်တည်နေခြင်းကို တွေ့မြင်နေရသောကြောင့်ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးဆောင်လျက် နိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဘက်ဘက်က တတ်စွမ်းသမျှကြိုးစားအားထုတ်ထောက်ပံ့လျက်ရှိနေကြသည်ကို အရှင်မြတ်တို့အသိပင်ဖြစ်ပါသည်။

သာသနာတော်တည်တံ့ရေးအတွက် ပြုကျင့်လုပ်ဆောင်ရမည့် အချက်များမှာလည်း "ရဟန်းများတို့၊ တရားကို နာ၊ ကျမ်းစာကို သင်၊ နှုတ်တွင် ကျက်ဆောင်၊ သိအောင်လည်း မှတ်၊ ပဋိပတ်ပါ၊ ဖြည့်ကျင့်ရာသည်၊ သာသနာတည်ဖို့ အလုပ်တည်း"ဟူသော အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ၊ ပထမသဒ္ဓမ္မသမ္မောသသုတ်၌လာသည့် ကျင့်ဖွယ်ငါးပါးနှင့် အတူ မိမိကျင့်ကြံသောတရားများကို သူတစ်ပါးတို့ ကျင့်ကြံရအောင် ထပ်ဆင့်ဟောကြားရမည်ဟူသော ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌ လာရှိသော ကျင့်ဖွယ်ရာများပင်ဖြစ်ပါသည်။

စာအောင်သာသနဒ္ဓအာဇာနည်အရှင်မြတ်တို့သည် သင်ကြားကျက်ဆောင် သိအောင်မှတ်ရုံမျှဖြင့် ရပ်တန့်မနေကြဘဲ ပရိယတ္တိလမ်းကြောင်းမှာရှိသော သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သုံးရပ်အကျင့်မြတ်တို့ကို မိမိတို့ကိုယ်တိုင် သိရှိပေါက်ရောက်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်ကြမှ နိဿရဏတ္ထပရိယတ္တိဖြစ်ရှိကြကာ သာသနာတော်တည်တံ့ရေးအတွက်လည်း ပြည့်စုံသော အကြောင်းအထောက်အပံ့ဖြစ်မည်ကို နှလုံးသွင်းတော်မူကြ၍ မြတ်စွာဘုရားရှင်သာသနာတော်ကြီး အရှည်ခံ့လျက် တည်တံ့အောင်၊ စည်ပင်ထွန်းကား၊ ပြန့်ပွားတိုးတက်အောင် ပြည်တွင်းသာမက ပြည်ပနိုင်ငံများပါမကျန် သာသနာပြုလုပ်ငန်းများကို လုံ့လရှိကာ အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူကြပါရန်လည်း တိုက်တွန်းလိုပါသည်ဘုရား။

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော စာအောင်သာသနဒ္ဓအာဇာနည်အရှင်မြတ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအမှူးပြုသော ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့–

**"သာသနံ ပုညဝန္တဿ ပုညဝန္တာဝ လဗ္ဘရေ"** ဟူသော ဩဝါဒဒေသနာတော်အရ သာသနာတော်မြတ်ကြီးကို ယခုကဲ့သို့ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ခွင့်ရကြသည့် အရှင်မြတ်တို့သည် ရှေးဘုန်းရှေးကံ ပြည့်လျှံကြီးမား ဘုန်းသမ္ဘာရှင်များဖြစ်ကြသကဲ့သို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ပူဇော်ခွင့်ရကြသည့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့လည်း ရှေးဘုန်းရှေးကံကြီးမားကြသောကြောင့် ချီးမြှောက်ပူဇော်ခွင့်ရကြသည်ဟု နှလုံးသွင်းကာ ခါခါရွှင်လန်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါမည်။ ဤသို့ ဆရာဒကာ ညီညွတ်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ မိမိတို့ဆိုင်ရာအနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ကြလျှင် မြတ်စွာဘုရားရှင် သာသနာတော်သည်လည်း နေရောင် လရောင်ပမာ အရှည်အကြာ တည်ကာသန့်ရှင်း ထွန်းလင်းမည်ဖြစ်သောကြောင့်–

**သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ၊**
**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။** (ဣတိဝုတ်၊ ၂၇၀)

**သာဂါရာစ၊** အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်လည်းကောင်း။ **အနဂါရာစ၊** အိမ်ရာမထောင် ရဟန်းဘောင်နေငြား အရှင်မြတ်များတို့သည်လည်းကောင်း။ **ဥဘော၊** ဆရာဒကာ ညီညာပေါင်းရုံး နှစ်ဦးစလုံးတို့သည်။ **အညောညနိဿိတာ၊** ကျွန်းကို ကိုင်းမှီ ကိုင်းကျွန်းမှီသို့ အညီလက်တွဲ အချင်းချင်း အမှီသဟဲ ရကြကုန်သည်ဖြစ်၍။ **ယောဂက္ခေမံ၊** ယောဂလေးတန် ကုန်ရာမှန်သော။ **အနုတ္တရံ၊** မိမိထက်လွန် မွန်မြတ်သော တရားမရှိသော။ **သဒ္ဓမ္မံ၊** သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ **အာရာဓယန္တိ၊** နိဗ္ဗာန်တိုင်ပေါက် ခရီးရောက်အောင် ပြီးမြောက်အောင်စေ ညွှန်းဖော်ပြလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

**ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**ဥက္ကဋ္ဌ ဆရာတော်**

---

**စာမျက်နှာ ၂၀ မှအဆက်**

တာဝန်သိသိပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သောကြောင့် အောင်မြင်စွာကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်တာဝန်သည် နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်။ ထိုတာဝန်ကို ရှေးက မိဘဘိုးဘွားအဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့်အတွက် ယနေ့ကာလ ကျွန်တော်တို့လက်ထက်တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် တည်ကြည်ခံ့ညားစွာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ နိုင်ငံကို ချစ်သည့် နိုင်ငံသားများက နိုင်ငံတော်ကာကွယ်ရန် တပ်မတော်တွင်းသို့ ဝင်ရောက်ကာ ပေါ်ပေါက်လာသည့် ရန်စွယ်အန္တရာယ်မှန်သမျှကို တိုက်ထုတ်အောင်မြင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့ရသော တပ်မတော်သားများ လွတ်လပ်ရေးရရှိပြီးနောက် ရန်ကုန်မြို့ကွက်ကွက်ကလေးသာ ရှိနေသည့်အချိန်တွင် ရန်သူများကို ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သော တပ်မတော်သားများ၊ ပြည်ပကျူးကျော်သူ တရုတ်ဖြူကူမင်တန်များကို မောင်းထုတ်နိုင်ခဲ့သော တပ်မတော်သားများစသည့် နိုင်ငံ့အချုပ်အခြာအာဏာဆုံးရှုံးသွားနိုင်သည့် တိုက်ပွဲများတွင် အောင်ပွဲခံခဲ့သော တပ်မတော်သားများသည် ယခုခေတ်လူငယ်များအနေဖြင့် အတုယူရမည့် စိတ်ဓာတ်နှင့် ဆောင်ရွက်ချက်များဖြစ်သည်။ နိုင်ငံသားတစ်ယောက်၏ တာဝန်သိမှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိရှိမှုတို့မှာ အောင်မြင်ရခြင်းဖြစ်ကြောင်း အတုယူကြရပေမည်။

လူငယ်များအနေဖြင့် တာဝန်သိစိတ်ရှိစွာ၊ စည်းစနစ်ကျနစွာ မိမိနိုင်ငံဂုဏ်သိက္ခာကို ကာကွယ်ကြရမည်ဖြစ်သည်။ မိမိမိသားစုတစ်ခု မပြိုကွဲရေးအတွက် မိသားစုဝင်များဖြစ်ကြသော မိသားစုဝင်များအားလုံး ကိုယ့်တာဝန်ကိုယ်ကျေကြဖို့လိုသလို နိုင်ငံတစ်ခု တည်တံ့ခိုင်မြဲရေးအတွက်၊ ပြည်တွင်းပြည်ပဖျက်ဆီးနှောင့်ယှက်မှုများ၊ ကျူးကျော်ရန်စမှုများမှကာကွယ်ရေး၊ မိမိနိုင်ငံ၏ ကာကွယ်ရေးစနစ်ကောင်းမွန်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။ မိမိတို့သည် မြန်မာနိုင်ငံမှမွေးသည့် မြန်မာနိုင်ငံသားများဖြစ်ခြင်းကြောင့် မိမိနိုင်ငံကို ချစ်မြတ်နိုးရမည့် မျိုးချစ်စိတ်အပြင် အရေးကြုံက သွေးဆုံကြသည့် ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ထားရမည်ဖြစ်သည်။ ရှေးအဆက်ဆက်က မျိုးချစ်စိတ်ဖြင့် စွန့်လွှတ်စွန့်စားခဲ့မှုတို့ကြောင့်သာလျှင် ယခုကဲ့သို့ မြန်မာနိုင်ငံအမည်ကို ထင်ရှားစွာသိမြင်ကြရခြင်းဖြစ်သည်။

ယနေ့ခေတ် အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ခက်ခဲကျပ်တည်းသည့်အခြေအနေများမှ လွန်မြောက်နိုင်ရေးအတွက် လူငယ်မောင်မယ်များအနေဖြင့်လည်း မိမိတို့၏ ဘိုးဘေးစဉ်ဆက် ကြံ့ခိုင်သည့်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ နိုင်ငံအချုပ်အခြာအာဏာကို အသက်စွန့်ပြီး ကာကွယ်လိုသည့် စိတ်ဓာတ်များဖြင့် ဘိုးဘေးတို့ အသက်သွေးချွေးပေါင်းများစွာ စတေးပြီးမှ အရယူခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအစွန့်ရှည်တည်တံ့နိုင်စေရေးအတွက် **ငါတို့ခေတ်မှာ ကြုံတွေ့နေရတဲ့အခက်အခဲငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲ** ဟူသည့်စိတ်ထားကို စံနမူနာယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ကဏ္ဍများအလိုက် ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသောအခက်အခဲများ၊ ကန့်သတ်ချက်များ တင်ပြလာမှုများအပေါ် တတ်နိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးသွားမည်

နေပြည်တော် မေ ၂၂

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၂/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် မကြာသေးမီကဖြစ်ပွားခဲ့သော ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများရှိခဲ့သော်လည်း ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့စေရေး ပံ့ပိုးပေးနိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီအစည်းအဝေးများကို လေးလတစ်ကြိမ်ကျင်းပရန် လျာထားသတ်မှတ်ချက်အတိုင်း ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) အကောင်အထည်ဖော်ဆောင်ရွက်မှုကာလ ပြီးဆုံးတော့မည်ဖြစ်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆ -၂၀၃၀)ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀)အတွက် ကဏ္ဍများကို ရွေးချယ်ပြီး လုပ်ငန်းစီမံချက် (Plan of Actions-PoA)များကို ရေးဆွဲသည့်အခါ သက်ဆိုင်ရာကဏ္ဍအလိုက် အစိုးရ-ပုဂ္ဂလိကအဖွဲ့အစည်းများက ညှိနှိုင်းပူးပေါင်းရေးဆွဲကြရန်ဖြစ်ကြောင်း၊ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီ၏ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်ပို့နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် မတ်လ မတိုင်မီ Open General License – OGL ရရှိရေး အိန္ဒိယနိုင်ငံအစိုးရနှင့် G to G ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့မှုသည် ကောင်စီ၏ သိသာသော ရလဒ်တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပပေးခဲ့ပြီး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product)အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အလားအလာရှိသော ထုတ်ကုန်များကို ရွေးချယ်၍ လုပ်ငန်းရှင်များကို ဆုချီးမြှင့်ပေးခဲ့သည့်အပြင် ပြပွဲကာလအတွင်း MSME လုပ်ငန်းရှင်များ ပြည်တွင်း၊ ပြည်ပဈေးကွက်ချိတ်ဆက်ရရှိရေး၊ ချေးငွေရရှိရေးအတွက် ဘဏ်များနှင့် ချိတ်ဆက်နိုင်ရေး ကူညီပေးမှုများကြောင့် ပို့ကုန်တင်ပို့လိုသည့် လုပ်ငန်းရှင်များအတွက် အထောက်အကူကောင်းများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကဏ္ဍများအလိုက် ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ကန့်သတ်ချက်များ တင်ပြလာမှုများအပေါ် တတ်နိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားပြီး ကောင်စီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံးက အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီ၏ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကောင်စီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌက ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို ရှေးရှုပြီး ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်

နေပြည်တော် မေ ၂၂

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့်ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက ယနေ့အစည်းအဝေး၌ မန္တလေးငလျင်ကြီးကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှာ ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အလားတူ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရေး၊ မွေးမြူရေး လျာထားချက်များပြည့်မီရေးအတွက် လိုအပ်သည့်သွင်းအားစုများ ဖြည့်ဆည်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လက်ရှိသီးနှံများ စိုက်ပျိုးသည့်ကာလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး၌ လျာထားချက် ပြည့်မီမှန်ကန်အောင် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ လိုအပ်ချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆွေးနွေးတင်ပြသွားရန်ဖြစ်ပြီး ကော်မရှင်အနေဖြင့် လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)တွင် နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧက ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိစေရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်လာစေရေး ပိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတွက် ကော်မရှင်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပြီး လိုအပ်ချက်ကို တင်ပြဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုရှိစေရန်၊ ဆီထွက်သီးနှံများအတွက်နှုန်းမြင့်မားစေရန်နှင့် သီးထပ်စွမ်းအားများ ရာနှုန်းပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့်လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား မျှတဖူလုံစေရန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ငလျင်ထိခိုက်မှုမရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ **နိုင်ငံတော်အကြီးအကဲက မေ ၂၀ ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ဒေသများ၌ စည်းစနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏ တင်ပြချက်များသည် အချက်အလက်များ မှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ အချက်အလက်များမှန်ကန်မှုရှိမှသာလျှင် နောင်တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအတွက် မှန်ကန်သည့်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် Agro-Base Industry ကို သွားနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကိုအောင်မြင်အောင် ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့်စက်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှချည်ထည် ၎င်းမှပိတ်စအထည်အလိပ် လုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်၍ရကြောင်း၊ အလားတူ ဝါးကို အခြေခံသည့်စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း** လမ်းညွှန်ထားပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့်အဖွဲ့ချုပ်များ၊ လုပ်ငန်းရှင်များအနေဖြင့် လမ်းညွှန်မှာကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်ပြီး လိုအပ်ချက်ကို ဆွေးနွေးပေးနိုင်ရန်နှင့် ကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံနှင့် သင့်တော်သောနည်းလမ်းနှင့်စနစ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဦးတည်ပြီး ညှိနှိုင်းပေါင်းစပ်ဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေး လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ သာသနိက အဆောက်အအုံနေရာများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများ မိုးမကျမီ အမြန်ဆုံး ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် Modular House ဆောက်လုပ်နေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့အတွင်းရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့်တင် ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်သို့ သွားရောက်၍ ပန်း၊ ရေချမ်းကပ်လှူပူဇော်ပြီး ဂန္ဓကုဋီတိုက်ပြန်လည်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းနှင့် ကျောင်းတော်ကြီးအား ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စိန်ဖူးတော်အသစ်ပြုလုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ယာယီအပူဇော်ခံထားရှိသော ထီးတော်ကြီး စိန်ဖူးတော်အဟောင်းနှင့် ဘုရားကြီးမျက်နှာသစ်ရာတွင် အသုံးပြုသော ရတနာပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၎င်းနောက် မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ ပင်မဆောင်အပေါ်ထပ်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများ၊ တက္ကသိုလ်စာကြည့်တိုက်တွင် အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ပစ္စည်းလက်ခံ၊ ထုတ်ပေးရေးအဖွဲ့ယာယီရုံးတွင် ရှာဖွေတွေ့ရှိသော ပစ္စည်းများကို သက်ဆိုင်ရာပိုင်ရှင်အသီးသီးထံ စနစ်တကျလွှဲပြောင်းထားရှိမှုနှင့် ထပ်မံရှာဖွေတွေ့ရှိသော ငွေနှင့်ပစ္စည်းများအား စနစ်တကျထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးဝဲယာအန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများနှင့် အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားကြီး ထီးတော်ပြန်လည်ပြုပြင်ရန်အတွက် ပြင်ဆင်ထားရှိမှုများနှင့် ရွှေကူကြီးမြတ်စွာဘုရားအတွင်းရှိ ကျောင်းတိုက်များအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော "အောင်"အီလက်ထရောနစ်ပစ္စည်းရောင်းဝယ်ရေးဆိုင်အား စက်ယန္တရားကြီးများဖြင့် ဖြိုဖျက်နေမှုကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ ကျုံးအနောက်စည်ရှည်တံခါးအား သွားရောက်၍ လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ယာယီသုံးခန်းတွဲ လိုင်းခန်းများ တည်ဆောက်နေမှုအခြေအနေများနှင့် ကျောက်ဆည်ခရိုင် စုပေါင်းရုံးအတွင်း ယာယီရုံးခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် Modular Container House များ တည်ဆောက်နေမှုအခြေအနေများ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသောဘုရားစေတီများ၊ သာသနိက အဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေမှု အခြေအနေများနှင့် စဉ့်ကိုင်မြို့နယ်ရှိ Power Gen Kyaukse Campany Limited သဘာဝဓာတ်ငွေ့အင်ဂျင်သုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံတွင် စက်များ ပြန်လည် လည်ပတ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ကျောင်းလာရောက်အပ်နှံသည့် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျောင်းလာရောက်အပ်နှံသည့် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကျောင်းသား၊ကျောင်းသူများကို ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း အခြေခံပညာကျောင်းများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများအား ကျောင်းသား၊ကျောင်းသူများကို တစ်ပါတည်းပေးအပ်ကြသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ပထမဆုံးနေ့ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူ ၁၂၄၈၁၂၃ ဦးရှိပြီး စာသင်ကျောင်းများနှင့် ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်လျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၏လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့်တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဝန်ကြီးချုပ်များ၊တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်းသတင်းရရှိသည်။ (၅၀၁)

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံနေမှုကို တွေ့ရစဉ်။



# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများ ရန်ကုန်မြို့သို့ရောက်ရှိလာပြီး လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်



အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းမှ သင်တန်းသားများ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် မေ ၂၂**

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ နည်းပြအုပ်ချုပ်သူများသည် လေ့လာရေးခရီးစဉ်များဆက်လက်ဆောင်ရွက်ရန် ရန်ကုန်မြို့သို့ တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသား၊ နည်းပြအုပ်ချုပ်သူများသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိနျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လေကြောင်းလူငယ်သင်တန်းသားများကို ပြခန်း ခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာ အသုံးပြု၍ ရောဂါရှာဖွေမှု (ကိုမိုဂရမ်)နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင် ပါရှိသည့်ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့်သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းတွင်ပါဝင်သည့် ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် WindTurbine နမူနာပုံစံငယ်တို့ကို တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများကို ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းမှ သင်တန်းသားများ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ကြည့်ရှုလေ့လာစဉ်။

## ❑ မိုးသည်းထန်စွာရွာသွန်းခြင်းမှအဆက်

နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)



# ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ပါမောက္ခဒေါက်တာကျော်သီဟ<br>ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ | ပါမောက္ခချုပ်ဒေါက်တာအေဘီ<br>ပါမောက္ခချုပ်<br>အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)<br>ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ၂၀၂၅ ခုနှစ် မေ ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၇၄၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ် နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း



ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ် နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းစဉ်။

နေပြည်တော် မေ ၂၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၉၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၆၃၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားသို့ရောက်ရှိကြပြီး ကရင်ပြည်နယ် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

၎င်းပူးပေါင်းအဖွဲ့သည် မြဝတီမြို့သို့ တရားမဝင် ဝင်ရောက်ခဲ့ကြသည့် တရုတ်နိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာထိန်းသိမ်းထားမှုအခြေအနေကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နှစ်နိုင်ငံမှကိုယ်စားလှယ်များသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး ထိန်းသိမ်းထားသည့်ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဆွေးနွေးခဲ့သည့် သုံးနိုင်ငံသဘောတူညီချက်ကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်ရေး မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) များ ကင်းစင်ပပျောက်သည်ထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၁၅၁ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၁၅၁ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၂၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၁၅၁ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကို လိုအပ်သည့်စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr.Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တခ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှတာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၉၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ဦးရေ ၈၆၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၉၀၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ဆီရာလီယွန်၊ တောင်ကိုရီးယား၊ ကမ္ဘောဒီးယား၊ အယ်လ်ဂျီးရီးယား၊ လိုက်ဘေးရီးယား၊ အီသီယိုးပီးယား၊ ဇင်ဘာဘွေ၊ တောင်အာဖရိက၊ ရုရှား၊ တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Gunstar”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်နေ ထင်လင်းကျော်(ခ)ဟာဒွန်အား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကြံခင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀ ကျော် စိုက်ပျိုးမည်


ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၉၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ခရမ်းချဉ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးသွားမှာပါ"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

(၂၀၆)

## ကျိုက်မရောမြို့နယ် မြကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကျိုက်မရော မေ ၂၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိတုံကျေးရွာအုပ်စု မြကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ တာဝန်နှင့်ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။

ကျိုက်မရောမြို့နယ် မြကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# ပြည်ပသို့တင်ပို့သည့် တူကီယဲ၏ ဘန်ကာဖျက်ထိပ်ဖူးတပ် Kargu ကာမီကာဇီဒရုန်း

မျက်မှောက်ခေတ်၌ တွင်ကျယ်စွာအသုံးပြုလာသည့် ဒရုန်းစစ်ဆင်ရေးများတွင် ၂၀၁၉ ခုနှစ် အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့ကြား ဖြစ်ပွားသည့် နာဂေါ်နို-ကာရာဘက်ပဋိပက္ခသည် ပထမဆုံးဖြစ်စဉ်အဖြစ် ပါဝင်ခဲ့ပါသည်။ နှစ်ဖက်တပ်ဖွဲ့များက ဒရုန်းများဖြင့် အပြန်အလှန်တိုက်ခိုက်မှုများသည်လည်း ဤပဋိပက္ခတွင် စတင်ခဲ့ပါသည်။ အဓိကအားဖြင့် တစ်ဖက်၌ ရုရှားနိုင်ငံထုတ်ဒရုန်းများအသုံးပြုခြင်းဖြစ်ပြီး တစ်ဖက်၌ တူကီယဲထုတ်ဒရုန်းများ အသုံးပြုခြင်းဖြစ်သည်။ ထိုသို့ ထင်ရှားစွာဖြစ်ပေါ်လာခြင်းကြောင့် တူကီယဲ၏ ဒရုန်းများသည် ကမ္ဘာ့လက်နက်ဈေးကွက်တွင် နေရာတစ်ခုရလာခဲ့ပါသည်။ ဤသို့ဖြင့် တူကီယဲသည် ကမ္ဘာ့နိုင်ငံများသို့ ဒရုန်းမျိုးစုံကို ထုတ်လုပ်ရောင်းချလာခဲ့ပါသည်။

**ဘန်ကာဖျက်ထိပ်ဖူးတပ်ဒရုန်း**

၂၀၂၅ ခုနှစ် မေ ၁၃ ရက်တွင် တူကီယဲကုမ္ပဏီ STM သည် ဘန်ကာဖျက်ထိပ်ဖူးတပ်ဆင်ထားသော Kargu တောင်ပံပါလေပေါ်ဝဲ ခဲယမ်းစနစ်အတွက် ပြည်ပသို့ ပထမဆုံးတင်ပို့နိုင်ခဲ့သည်။ ၎င်း၏ တပ်ဖွဲ့များကို တိုက်ခိုက်ရေးထိပ်ဖူးပုံစံဖွဲ့စည်းမှုတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ တက်ကြွစွာ ရွေးချယ်အသုံးပြုထားပြီးဖြစ်သည့် အဆိုပါစနစ်သည် ယခင်ကမူရင်းဗားရှင်းကိုဝယ်ယူသော ပြည်ပနိုင်ငံကို ၎င်း၏ပုံစံအသစ်ဝန်ဆောင်မှုဖြင့် စတင်မည်ဖြစ်သည်။ အဆင့်မြှင့်တင်ထားသော ဗားရှင်းကို ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် မှာယူထားသော နိုင်ငံများသို့ ပေးပို့ရန် စီစဉ်ထားသည်။ ၎င်းစနစ်သည် ၂၀၂၄ ခုနှစ်တွင် STM ကုမ္ပဏီ၏ ဘန်ကာကိုဖောက်ခွဲသည့်ခဲယမ်းကို STM ကုမ္ပဏီ၏ ကိရိယာတွင် ထပ်ပေါင်းပြီးနောက် ဒီဇိုင်းပေါင်းစည်းမှု၊ စမ်းသပ်မှုနှင့် သရုပ်ပြမှုအားလုံးကို လုပ်ဆောင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် တူကီယဲလက်နက်များစာရင်းတွင် မိတ်ဆက်ခဲ့သော Kargu ဒရုန်းသည် ပန်ကာဒလက်ပါ လေပေါ်ဝဲဗုံးတိုက်ခိုက်ရေးစနစ်ဖြစ်သည်။ တူကီယဲသည် ၂၀၂၁ ခုနှစ်တွင် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်သို့ ပထမဆုံးတင်ပို့မှုအနေဖြင့် ပေးပို့ခဲ့ပါသည်။ STM ကုမ္ပဏီက မူကွဲအသစ်နှင့်ပတ်သက်၍နောက်ထပ်ပြည်ပစစ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးနေမှုကို အတည်ပြုခဲ့ပါသည်။ STM ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ Ozgur Guleryuz က ဘန်ကာဖောက်ကျည်ဗားရှင်းဖွံ့ဖြိုးတိုးတက်မှုသည် ပြောင်းလဲနေသော စစ်မြေပြင်လိုအပ်ချက်များကို တုံ့ပြန်ပြီး ဤဗားရှင်းတွင် နိုင်ငံတကာမှ စိတ်ဝင်စားဖွယ်များစွာကို ပြသထားပါသည်။ ဗားရှင်းအသစ်ကို တူကီယဲတပ်မတော်နှင့်ရင်းနှီးသော သို့မဟုတ် မဟာမိတ်ပြည်ပတပ်မတော်များက အသုံးပြုမည်ဖြစ်ကြောင်း STM ကုမ္ပဏီက ထုတ်ပြန်ခဲ့ပါသည်။

Kargu စနစ်သည် လူတစ်ဦးတည်းမှ လျင်မြန်စွာဖြန့်ကြက်ခြင်းနှင့် လည်ပတ်လုပ်ဆောင်ခြင်းအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းကို တစ်မိနစ်အတွင်း လွှတ်တင်နိုင်ပြီး ဒေါင်လိုက်ပျံတက်နှင့် ဆင်းသက်ခြင်းများ လုပ်ဆောင်နိုင်ပါသည်။ ၎င်း၏ရေဒါဖမ်းယူခံရနိုင်သည့် ဖြတ်ပိုင်းဧရိယာသည် နည်းပါးပြီး ရန်သူမှ ထောက်လှမ်းသိရှိနိုင်ခြေကို လျှော့ချပေးပါသည်။ စနစ်သည် အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်ကို အသိအမှတ်ပြုမှုနှင့် ထိတွေ့မှုကိုပံ့ပိုးပေးရန်အတွက် ဉာဏ်ရည်တုနှင့်တစ်ပါတည်း တပ်ဆင်ထားသည့် ပုံရိပ်ဖော်စနစ်ကို အသုံးပြုထားပါသည်။ ဒရုန်းတွင်အသုံးပြုသူသည် ထိတွေ့မှုဆိုင်ရာဆုံးဖြတ်ချက်များအပေါ် အပြည့်အဝထိန်းချုပ်ထားပါသည်။ ထို့ကြောင့် လူပေါင်းစပ်လုပ်ဆောင်ပေးရသည့်နိယာမအရ တိကျသောတိုက်ခိုက်မှု လုပ်ဆောင်နိုင်စွမ်းများပါဝင်သည်။ Kargu ဒရုန်းတွင် ဒရုန်းစနစ်နှင့်ရွေ့လျားမြေပြင်ထိန်းချုပ်ရေးစနစ်တစ်ခုတို့ ပါဝင်သည်။

ဖွဲ့စည်းမှုအသစ်သည် စစ်ဆင်ရေးလိုအပ်ချက်များပေါ်မူတည်၍ တပ်ဖွဲ့များကိုတိုက်ခိုက်ခြင်းနှင့် ဘန်ကာဖောက်သည့်ထိပ်ဖူးများကြားတွင် လိုအပ်သလို ပြောင်းလဲလုပ်ဆောင်နိုင်စေပါသည်။ အဆိုပါဒရုန်း၏တိုက်ခိုက်ရေးဗားရှင်းကို လူတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အသုံးပြုနိုင်ပြီး ဘန်ကာဖောက်ထိပ်ဖူးကို ရွေ့လျား သို့မဟုတ် မြေပြင်ပစ်မှတ်များ၊ အားဖြည့်ကွန်ကရစ်ဖွဲ့စည်းပုံများနှင့် သံချပ်ကာယာဉ်များကိုတိုက်ရာတွင် အသုံးပြုရန်အတွက်ရည်ရွယ်ထားသည်။ Kargu ဒရုန်း၏ ဝန်တင်ဆောင်နိုင်စွမ်းသည် အပြန်တိုက်ခိုက်ရေးတွင် ၁ ဒသမ ၃ ကီလိုဂရမ်အောက်နှင့် ဘန်ကာဖောက်တိုက်ခိုက်ရေးတွင် ၁ ကီလိုဂရမ်အောက် တင်နိုင်စွမ်းပါသည်။ စနစ်တွင် ဖြူးစ်ပါဝင်သဖြင့် မြေပြင်တပ်ဖွဲ့များက လက်နက်ပြန်လည်တပ်ဆင်နိုင်သည်။ ပြင်ဆင်မွမ်းမံထားသော ထိပ်ဖူးသည် စမ်းသပ်နေစဉ်အတွင်း တိကျသော ပစ်ခတ်မှုရရှိခြင်းကို ပြသခဲ့ကြောင်း STM ကုမ္ပဏီက အတည်ပြုခဲ့ပါသည်။

နည်းပညာအရ Kargu ဒရုန်းသည် လျှပ်စစ်အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး မော်တာနှင့်ပန်ကာဒလက်လေးခုပါရှိသည်။ ၎င်းသည် မိနစ် ၃၀ ကြာ ပျံသန်းနိုင်ပြီး ပြင်ပအင်တာနာကို အသုံးပြုသည့်အခါ ၁၀ ကီလိုမီတာအကွာအဝေးအတွင်း လုပ်ဆောင်ပါသည်။ စနစ်၏ ပုံမှန်ပျံသန်းမှု အမြန်နှုန်းမှာ တစ်နာရီလျှင် ၇၂ ကီလိုမီတာ နှုန်းဖြစ်ပြီး လေတိုက်နှုန်းတစ်စက္ကန့်လျှင် ၁၀ မီတာ နှုန်းထိ ခံနိုင်ရည်ရှိသည်။ ၎င်းသည် အပူချိန် အနှုတ် ၂၀ ဒီဂရီစင်တီဂရိတ်မှ ၅၀ ဒီဂရီစင်တီဂရိတ်အတွင်း လုပ်ဆောင်နိုင်ပြီး ပျမ်းမျှ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ မီတာ ၃၀၀၀ ထိ ပျံတက်လုပ်ဆောင်နိုင်ပါသည်။ ဒရုန်း၏ အချက်အလက်ချိတ်ဆက်မှုကို AES-256 ကုဒ်ဝှက် စနစ်ဖြင့် လုံခြုံစေပြီး မြေပြင်အင်တာနာကို အသုံးပြု၍ ၆ ဒသမ ၅ ကီလိုမီတာအကွာအဝေးတွင် ထိန်းချုပ်နိုင်မည်ဖြစ်သည်။

ပုံရိပ်ဖော်စနစ်တွင် 10x optical zoom နှင့် 640x 400 resolution ရှိသော အပူလှိုင်းသုံးကင်မရာတို့ပါဝင်သည်။ ရွေ့လျားမြေပြင်ထိန်းချုပ်ရေးဌာနတွင် ၁၀ ဒသမ ၁ လက်မအရွယ် တက်ဘလက် Joystick အတွင်းပိုင်းနှင့် ပြင်ပအင်တာနာများပါဝင်ပြီး ဘက်ထရီပါဝါကို နှစ်နာရီထိ လုပ်ဆောင်ပေးသည်။



တူကီယဲ၏ ဘန်ကာဖျက်ထိပ်ဖူးတပ် Kargu ကာမီကာဇီဒရုန်းကို တွေ့ရစဉ်။

စနစ်တစ်ခုလုံးသည် ဝန်အားပေါ်မူတည်၍ ခန့်မှန်းခြေအားဖြင့် ၇ ဒသမ ၆ မှ ၇ ဒသမ ၈ ကီလိုဂရမ်ထိ အလေးချိန်ရှိပြီး သယ်ဆောင်ရလွယ်ကူစေရန် ကျစ်လစ်သောပုံစံအဖြစ်ခေါက်ထားသည်။ ပြီးပြည့်စုံသောစနစ်တွင် မောင်းသူမဲ့လေယာဉ်ထိန်းချုပ်ရေးစခန်းနှင့် ပံ့ပိုးရေးကိရိယာများပါဝင်သည်။

Kargu ဒရုန်းသည် နေ့ရောညပါ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး မြင်ကွင်းထက်ကျော်လွန်၍ လုပ်ဆောင်နိုင်သည်။ ၎င်းတွင် မစ်ရှင်ဖျက်ချခြင်း၊ ပြန်လည်ခေါ်ယူခြင်းနှင့် မိမိကိုယ်ကိုဖျက်ဆီးခြင်းစွမ်းရည်များပါဝင်သည်။ ၎င်းသည် GPS ကန့်သတ်ထားသောပတ်ဝန်းကျင်များတွင် လည်ပတ်လုပ်ဆောင်နိုင်ပြီး အစုအဝေးဖွဲ့စည်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်းကို STM KERKES စီမံကိန်းနှင့်လည်းပေါင်းစပ်ထားသည်။ STM ကုမ္ပဏီမှ ဒီဇိုင်းထုတ်ထားသော ပျံသန်းမှုထိန်းချုပ်စနစ်သည် အလိုအလျောက် ထိန်းချုပ်လုပ်ဆောင်မှုနှင့် တစ်စိတ်တစ်ပိုင်း အလိုအလျောက်လမ်းကြောင်းပြခြင်းကို လုပ်ဆောင်နိုင်ပြီး ပစ်မှတ်အသိအမှတ်ပြုဆော့ဖ်ဝဲလ်နှင့်ပေါင်းစပ်မှုကို လွယ်ကူချောမွေ့စေသည်။ STM ကုမ္ပဏီ၏အဆိုအရ Kargu ဒရုန်းသည် အများဆုံး စနစ်တစ်ခုပေါ်တွင် မတူညီသော ထိပ်ဖူးရွေးချယ်စရာများနှင့် ပေးဆောင်ထားပြီး ပြောင်းလွယ်၊ ပြင်လွယ်နှင့် နည်းဗျူဟာဆိုင်ရာ အသုံးဝင်မှုများကို တိုးမြှင့်ပေးပါသည်။

ဤစနစ်၏အခန်းကဏ္ဍသည် ကြိုတင်စောင့်ကြည့်ခြင်းနှင့် အကြမ်းဖက်နှိမ်နင်းရေးတာဝန်များမှ မတူညီသော တိုက်ခိုက်ရေးပတ်ဝန်းကျင်နှင့် လိုက်ဖက်သောစနစ်များဖြင့် တိကျသောတိုက်ခိုက်မှုမစ်ရှင်များထိ ကျယ်ပြန့်လာသည်။ တူကီယဲဘာသာစကားဖြင့် "ကာဂူ" သည် ၎င်း၏မူရင်းဒီဇိုင်းရည်ရွယ်ချက်ကို ထောက်လှမ်းခြင်းကိရိယာအဖြစ် ထင်ဟပ်စေသည့် တောင်ပေါ်ရှိ စောင့်ကြည့်မျှော်စင်ကို ရည်ညွှန်းပါသည်။ စနစ်၏အသုံးပြုမှုသမိုင်းတွင် အချိုးမညီသောစစ်ပွဲများနှင့် ရှုပ်ထွေးသော စစ်မြေပြင်တွင် အသုံးပြုမှုပါဝင်သည်။ STM ကုမ္ပဏီသည် Kargu ဒရုန်းကိုအလားအလာရှိသော နိုင်ငံတကာဖောက်သည်များထံ ဆက်လက်ရောင်းချလျက်ရှိပြီး အဆိုပါစနစ်သည် သဲကန္တာရရာသီဥတုနှင့် အပူပိုင်းရာသီဥတုများတွင် လည်ပတ်လုပ်ဆောင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေရေး လုပ်ဆောင်ထားသည်။ ကုမ္ပဏီသည် တူကီယဲမောင်းသူမဲ့လေယာဉ်တင်ပို့မှုနှင့်ပတ်သက်ပြီး ယခင်က လူသိရှင်ကြား ထုတ်ပြန်ချက်များတွင်လည်း ဂျပန်ထံမှ စိတ်ဝင်စားမှုကို သတိပြုမိခဲ့ကြသည်ဟုဆိုသည်။

STMကုမ္ပဏီသည် တူကီယဲကာကွယ်ရေးကဏ္ဍတွင် ၃၄ နှစ်ကြာ လှုပ်ရှားခဲ့ပြီး နည်းပညာများ တီထွင်ထုတ်လုပ်ကာ ရေတပ်စနစ်များ၊ ဆိုက်ဘာလုံခြုံရေး၊ ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ်များနှင့် အချက်အလက် ခွဲခြမ်းစိတ်ဖြာမှုများကဲ့သို့သော နယ်ပယ်များ တစ်လျှောက် အတိုင်ပင်ခံလုပ်ငန်းကို ပံ့ပိုးပေးလျက် ရှိသည်။ Kargu ဒရုန်းအပါအဝင် ၎င်း၏ နည်းဗျူဟာမြောက် အသေးစား UAV စနစ်များသည် တူကီယဲတပ်ဖွဲ့များနှင့် မဟာမိတ်တပ်ဖွဲ့များ၏စစ်ဆင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ရည်ရွယ်သည့် ပိုမိုကျယ်ပြန့်သောစနစ်တစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ သံချပ်ကာဖောက်ထွင်းနိုင်သည့် Kargu ဒရုန်းမူကွဲအသစ်အတွက်ထုတ်လုပ်မှုနှင့်တင်ပို့ရေး ကြိုးပမ်းမှုများကို ဝယ်လိုအားနှင့်အစီအစဉ်တိုးတက်မှုများနှင့် အညီဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း STM ကုမ္ပဏီမှ အတည်ပြုပြောကြားထားပါသည်။

ခြုံ၍ဆိုရလျှင် မကြာသေးသည့်နှစ်များမှစ၍ ဖြစ်ပွားခဲ့သည့်ပဋိပက္ခများမှ မျက်မှောက်ကာလထိ နိုင်ငံချင်းချင်းဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများတွင် ဒရုန်းများအသုံးပြုမှုသည် တိုးမြင့်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ အဓိကအားဖြင့် ဘက်မညီစစ်ပွဲများ၏ ခြိမ်းခြောက်မှုများကိုတန်ပြန်ရာတွင် အဆင်ပြေသောကြောင့် ပိုမိုအသုံးပြုလာခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။ ရုရှားနိုင်ငံသည် ယူကရိန်းနှင့်ဖြစ်ပွားသည့် ပဋိပက္ခတွင် သီတင်းတစ်ပတ်လျှင် ဒရုန်းများကို ထောင်နှင့်ချီအသုံးပြုလာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တူကီယဲနိုင်ငံ၏ ဘန်ကာဖျက်ထိပ်ဖူးတပ်ဆင်ထားသော ဒရုန်းအသစ်ကို ပြည်ပသို့ တင်ပို့ရောင်းချလာခြင်းသည် လက်နက်ကိုင်ပဋိပက္ခများအတွက် သက်ရောက်မှုများဖြစ်လာမည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Turkish company STM exports first Kargu kamikaze drone equipped with new warhead bunker attacks, Defence News, May 2025**

**နေရှား(သုတေသန)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# စနေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ ဘိုလော့နာအသင်း၊ ဆိုစီဒက်အသင်း၊ မာယော့ကာအသင်းတို့ကိုရွေးချယ်ရမှာပါ



ဒီတစ်ပတ်မှာတော့ ဘွန်ဒက်လီဂါပြိုင်ပွဲနဲ့ ပြင်သစ်လီဂူးပွဲပြိုင်ပွဲတွေပြီးဆုံးသွားတာကြောင့် ပရီးမီးယားလိဂ်၊ လာလီဂါ၊ စီးရီးအေပွဲစဉ်တွေသာရာသီနောက်ဆုံးပွဲစဉ်တွေကစားကြမှာဖြစ်ပါတယ်။ လာမဲ့စနေနေ့ညမှာတော့ စီးရီးအေနဲ့ လာလီဂါပွဲစဉ်တွေသာကစားမှာဖြစ်ပြီး လာလီဂါအနေနဲ့ ဘာစီလိုနာအသင်းချန်ပီယံဖြစ်ခဲ့တာကြောင့် တန်းဆင်းဇုန်နဲ့ ဥရောပယှဉ်ပြိုင်ခွင့်အတွက် အကြိတ်အနယ်ကစားရမဲ့ အသင်းတွေရှိတော့တာကိုတွေ့ရမှာပါ။ စီးရီးအေကတော့ ချန်ပီယံဆုရအသင်းပေါ်ထွက်တာမရှိသေးသလို တန်းဆင်းဇုန်နဲ့ ဥရောပယှဉ်ပြိုင်ခွင့်ကလဲနောက်ဆုံးပွဲစဉ်ထိကစားရမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်မှာပါ။ စနေနေ့ညမှာတော့ တန်းဆင်းဇုန်တိုက်ပွဲနဲ့ ဥရောပဝင်ခွင့်ရဖို့ ကြိုးစားလာမဲ့အသင်းတွေထဲကအသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းတွေကိုပဲ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။

## ဘိုလော့နာအသင်းကို အားပေးရမှာပါ

စီးရီးအေနောက်ဆုံးပွဲစဉ်မှာအကြိုက်တွေ့တာကတော့ ဘိုလော့နာနဲ့ ဂျီနိုအာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘိုလော့နာအသင်းဟာ မေ ၂၅ ရက်က ကစားခဲ့တဲ့ အမ်ပိုလီကိုနှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရပြီးနောက်ပိုင်း အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲပျောက်ဆုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုနှစ် စီးရီးအေမှာ ဇက်ခ်ဇီး၊ ကာလာဖီအိုရီတို့လို ကစားသမားကောင်းတွေရောင်းချခဲ့ပေမဲ့ ခြေစွမ်းပိုင်းကျဆင်းသွားတာမရှိဘဲ ပုံစံကောင်းကိုထိန်းသိမ်းနိုင်ခဲ့လို့ အခုချိန်မှာ ဥရောပဝင်ခွင့်မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုနှစ် နည်းပြမေ့တာနေရာမှာ အတွေ့အကြုံကောင်းတဲ့ နည်းပြအီတာလီယာနိုကို ခန့်အပ်နိုင်ခဲ့တာကြောင့် ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ မွန်ဇာ၊ အတ္တလန်တာ၊ အမ်ပိုလီ၊ အေစီမီလန်တို့ကိုကျော်ဖြတ်ပြီး ပထမဆုံးဆုဖလားရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် အခုနှစ်အမှတ်ပေးပွဲ (၁၈) ပွဲမှာလဲ အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိခဲ့တာကြောင့် အိမ်ကွင်းကောင်းတဲ့ ဘိုလော့နာအနေနဲ့ ဂျီနိုအာကို ထိန်းချုပ်နိုင်မှာသေချာပါတယ်။

ဂျီနိုအာအသင်းဟာ စီးရီးအေကိုတန်းတက်လာပြီးနောက်ပိုင်း ရလဒ်ကောင်းတွေရယူနိုင်ခဲ့သလို ကစားသမားကောင်းတွေလဲပေါ်ထွက်လာခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ပြီးခဲ့တဲ့နွေရာသီမှာ တိုက်စစ်ကဂတ်မန်ဆန်၊ ရီတီဂွီတို့လို ကစားသမားကောင်းတွေကိုရောင်းချခဲ့ပြီး ဘဏ္ဍာရေးဖြည့်တင်းခဲ့ပေမဲ့ ကစားသမားကောင်းတွေ ဝယ်ယူခဲ့တာမရှိလို့ အခုနှစ်မှာ ခြေစွမ်းပိုင်းကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ စီးရီးအေကတန်းမဆင်းရရေး ရည်မှန်းချက်ပြည့်မြောက်ခဲ့တာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ထက် ကစားသမားတွေဒဏ်ရာမရဖို့သာ ကစားနေတယ်လို့ဆိုရမှာပါ။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် ရမှတ်လိုအပ်ချက်မရှိဘူးဆိုပေမဲ့ ဘိုလော့နာက နိုင်ပွဲရခဲ့ရင် အမှတ်ပေးဇယားအထက်ရောက်နိုင်ပြီး အဆင့်သတ်မှတ်ကြေးပိုရမှာဖြစ်လို့ ဂျီနိုအာလို ခံစစ်ပိုင်းအားနည်းနေတဲ့အသင်းကို အိမ်ကွင်းအားသာချက်နဲ့ ဖိအားပေးနိုင်မှာသေချာလို့ အိမ်ရှင်ကိုပဲ အားပေးရမှာပါ။

### ဘိုလော့နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၀ | - | ၀ | ဘိုလော့နာ |
| ဘိုလော့နာ | ၁ | - | ၁ | ဂျူဗင်တပ် |
| အေစီမီလန် | ၃ | - | ၁ | ဘိုလော့နာ |
| အေစီမီလန် | ၀ | - | ၁ | ဘိုလော့နာ |
| ဖီအိုရင်တီးနား | ၃ | - | ၂ | ဘိုလော့နာ |

### ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၀ | - | ၂ | လာဇီယို |
| ကိုမို | ၁ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ၂ | အေစီမီလန် |
| နာပိုလီ | ၂ | - | ၂ | ဂျီနိုအာ |
| ဂျီနိုအာ | ၂ | - | ၃ | အတ္တလန်တာ |

## ဆိုစီဒက်အသင်းနဲ့လက်တွဲရမှာ

လာလီဂါရာသီပိတ်ပွဲစဉ်မှာအကြိုက်တွေ့မိတာကတော့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ ဆိုစီဒက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းဟာရာသီအစမှ ဆုဖလားတွေရဖို့အတွက် တိုက်စစ်မှူးအမ်ဘက်ပီကိုခေါ်ယူနိုင်ခဲ့လို့ စူပါဖလားဗိုလ်လုပွဲ၊ ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲ ၊ အမှတ်ပေးပြိုင်ပွဲတွေမှာချန်ပီယံဆုစိန်ခေါ်ခွင့်တွေရခဲ့ပေမဲ့ ပြိုင်ဘက်ဘာစီလိုနာအသင်းကိုကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ဘဲဖလားလက်မဲ့ရာသီနဲ့ကြုံတွေ့ခဲ့ရတာပါ။ လက်ရှိမှာလဲရမှတ် ၈၁ မှတ်နဲ့ ဒုတိယနေရာမှာရောက်ရှိနေတာကြောင့် အခုပွဲစဉ်မှာရှုံးနိမ့်ခဲ့ရင်လဲအမှတ်ပေးဇယားအပြောင်းအလဲဖြစ်မှာမဟုတ်လို့ အဓိကစားသမားတွေ အနားပေးသွားဖို့များပါတယ်။ ဒါပေမဲ့ တိုက်စစ်မှူးအမ်ဘက်ပီကိုတော့ ရွှေဖိနပ်ဆုအတွက် ဂိုးရဖို့ထည့်သွင်းသွားနိုင်ပေမဲ့ လာမဲ့ဇွန်လမှာဖီဖာကလပ် ကမ္ဘာ့ဖလားပွဲတွေရှိတာကြောင့် ကျန်ကစားသမားတွေကို အလှည့်ကျအသုံးပြုမှာသေချာပါတယ်။ လက်ရှိအသင်းမှာလဲ ခံစစ်ကရူဒီဂါ၊ အလာဘာ၊ မီလီတာအို၊ ကာဗာဂျယ်၊ မန်ဒီ၊ အဆန်စီယို၊ တိုက်စစ်ကဗင်နီစီးယက်စ်၊ အန်းဒရစ် ၊ ရိုဒရီဂို ၊ ဒီယက်စ် ၊ ကွင်းလယ်ကကာဗာဗင်ဂါတို့ ဒဏ်ရာရနေတာကြောင့် ဆိုစီဒက်အသင်းကိုပွဲချိန်ပြည့် ထိန်းချုပ်ဖို့ခက်ခဲသွားမှာပါ။

ဆိုစီဒက်အသင်းဟာအမှတ်ပေးပွဲ (၃၇) ပွဲအပြီးမှာ (၁၃) ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ (၁၇) ပွဲရှုံးနဲ့ ရမှတ် ၄၆ မှတ်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၁) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီကစပြီး ဥရောပဝင်ခွင့်ရရှိခဲ့ပေမဲ့ အခုနှစ်မှာတော့ နည်းပြနဲ့ကစားသမားတွေကြား နားလည်မှုလွဲမှားသွားတာကြောင့် ရလဒ်ကျဆင်းခဲ့တာပြီးလာမဲ့နှစ်မှာ ဥရောပဝင်ခွင့်နဲ့ လွဲချော်မှာဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲမှာတော့ အလာဗက်ကို တစ်ဂိုးဂိုးမရှိ၊ အေတီကိုအသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းခဲ့ပေမဲ့ ဘီလ်ဘာအို၊ ဆဲလ်တာဗီဂို၊ ဂျီရိုနာတို့နဲ့ပွဲမှာ ကစားကွက်ပိုင်းတိုးတက်လာခဲ့ပြီး တိုက်စစ်ကကူဘိုနဲ့ အိုရာဇာဘယ်တို့လဲ ခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။ ဆိုစီဒက်ဟာ အခုနှစ်မှာ ကစားပုံကျဆင်းသွားပေမဲ့ ရီးရဲလ်နဲ့ တွေ့ဆုံခဲ့တဲ့ဖလားပြိုင်ပွဲမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာမရှိခဲ့သလို နောက်ဆုံးသုံးကြိမ်ဆက် ရီးရဲလ်မက်ဒရစ်နဲ့ကစားခဲ့တဲ့ အဝေးကွင်းမှာလဲ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ဂိုးပြတ်ရှုံးခဲ့တာမရှိတာကြောင့် အခုပွဲမှာ တစ်ဂိုးနဲ့ရှုံးရင်တောင် ဆုံးရှုံးမှုမရှိတဲ့ ဆိုစီဒက်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၃ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၂ | ဆဲလ်တာဗီဂို |
| ဘာစီလိုနာ | ၄ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | မာယော့ကာ |
| ဆီဗီလာ | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |

### ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၀ | ဆိုစီဒက် |
| ဆိုစီဒက် | ၀ | - | ၀ | ဘီလ်ဘာအို |
| အေတီကို | ၄ | - | ၀ | ဆိုစီဒက် |
| ဆိုစီဒက် | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆိုစီဒက် | ၃ | - | ၂ | ဂျီရိုနာ |

## မာယော့ကာအသင်း ရလဒ်ကောင်းမှာပါ

လာလီဂါရာသီပိတ်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗယ်လ်ကာနိုနဲ့ မာယော့ကာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗယ်လ်ကာနိုအသင်းဟာမာယော့ကာနဲ့ ပထမအကျော့ တွေ့ဆုံမှုမှာ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး အဲဒီပွဲစဉ်မှာ နှစ်ဖက်စလုံးဘောလုံးပိုင်ဆိုင်မှုတူညီခဲ့ပေမဲ့ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုကိုတော့ မာယော့ကာအသင်းက ပိုမိုပြုလုပ်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဗယ်လ်ကာနိုအသင်းဟာ အခုရာသီအမှတ်ပေးပွဲမှာရမှတ် ၅၁ မှတ်ရခဲ့တာကြောင့် အဆင့်(၈) မှာရောက်နေပြီး ဥရောပဝင်ခွင့်ရရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၉) က အိုဆာဆူနာနဲ့ ရမှတ်တူနေသလို၊ အဆင့်(၇) ဆဲလ်တာဗီဂိုနဲ့လဲ ရမှတ်တစ်မှတ်သာကွာဟနေတာကြောင့် အခုပွဲကိုနိုင်ပွဲရခဲ့ရင် ဥရောပဝင်ခွင့်သေချာမှာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာသုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့ပေမဲ့ တိုက်စစ်ကခြောက်ဂိုးသာ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ နောက်ဆုံးအိမ်ကွင်းငါးပွဲမှာတော့ ဂီတာဖေးတစ်သင်းကိုသာကျဉ်းမြောင်းတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တာကိုကြည့်ရင် အိမ်ကွင်းကစားပုံကျဆင်းနေတာကိုတွေ့ရမှာပါ။

မာယော့ကာအသင်းဟာနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတစ်ပွဲနိုင်၊ လေးပွဲရှုံးခဲ့ပေမဲ့ သူတို့တွေ့ဆုံခဲ့တာက ဘာစီလိုနာ၊ ဂျီရိုနာ၊ ရီးရဲလ်မက်ဒရစ်၊ ဂီတာဖေးတို့လိုအသင်းတွေနဲ့ ပွဲကျပ်ကစားခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာ ၁၃ ပွဲနိုင်၊ ရှစ်ပွဲသရေ ၁၆ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၄၇ မှတ်ထိရရှိခဲ့တာ ကြောင့် အမှတ်ပေးဇယားအဆင့်(၁၀) မှာရပ်တည်နေပြီး ရမှတ်လိုအပ်ချက်မရှိတော့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်ကစားပုံတိုးတက်လာပေမဲ့ ချန်ပီယံမျှော်လင့်ချက်ရှိတဲ့အသင်းတွေ၊ တန်းဆင်းဇုန်က အသင်းတွေနဲ့တွေ့ခဲ့လို့ ရလဒ်ကျဆင်းခဲ့တာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ ဗယ်လ်ကာနိုခြေရည်တူအသင်းနဲ့ ကစားရမှာဖြစ်သလို နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုခြောက်ကြိမ်မှာလဲ ငါးပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ အသာရထားတာကြောင့် အခုပွဲမှာ ဗယ်လ်ကာနိုတိုက်စစ်ကိုထိန်းချုပ်နိုင်မှာသေချာပါတယ်။ ဒါ့ပြင် အဝေးကွင်းခြေစွမ်းပိုင်းကလဲ နောက်ဆုံးငါးပွဲမှာ လေးပွဲရှုံးခဲ့ပေမဲ့ ကျဉ်းမြောင်းတဲ့ရလဒ်နဲ့ရှုံးခဲ့တာကိုကြည့်ရင် ဗယ်လ်ကာနို ခံစစ်ကစားပုံကို လျှော့တွက်လို့တော့မရပါဘူး။ လက်ရှိအကျောပေးမှုက ဗယ်လ်ကာနိုကတစ်ဂိုးနဲ့နိုင်ရင် ခပ်ပါးပါးပဲပျော်ခွင့်ရမဲ့အခြေအနေက အဝေးကွင်းခံစစ်ကစားပုံကောင်းတဲ့အပြင် ထိပ်တိုက်တွေ့ဆုံမှုမှာအသာရထားတဲ့ မာယော့ကာ အနည်းဆုံးရမှတ်ခွဲယူနိုင်တာကြောင့် မာယော့ကာအသင်းရလဒ်ကောင်းမှာပါ။

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေတီကို | ၃ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၀ | ဂီတာဖေး |
| လက်ပါးမက် | ၀ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၂ | - | ၂ | ဘက်တစ် |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဗယ်လ်ကာနို |

### မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၁ | - | ၀ | မာယော့ကာ |
| ဂျီရိုနာ | ၁ | - | ၀ | မာယော့ကာ |
| မာယော့ကာ | ၂ | - | ၁ | ဗယ်လာဒိုးလစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၂ | ဂီတာဖေး |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၂-၅-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၁၀၄။ | ဦးတင်လှိုင်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၁၀၀၀၀၀ |
| ၁၀၁၀၅။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးစန်းဝင်းနှင့်ဇနီး ဒေါ်တင်အုန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၁၀၆။ | ဦးကြည်မြင့်နှင့်ဇနီး ဒေါ်တင့်တင့်ရီမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၁၀၇။ | ဦးကျော်မိုးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၁၀၈။ | ဦးနေမင်းညီနှင့်ဇနီး ဒေါ်တင်လေးခိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၁၀၉။ | ဦးအောင်ကြည်သိန်းနှင့်ဇနီး ဒေါ်ဝင်းမြင့်ရီမိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၁၀၁၁၀။ | ကွယ်လွန်သူမိဘများဖြစ်သော ဦးမြသိန်းနှင့် ဒေါ်ရီတို့အားရည်စူး၍ သမီးဒေါ်သီတာမိုးကောင်းမှု | ၁၂၀၀၀၀ |
| ၁၀၁၁၁။ | ဦးအောင်အောင်နှင့်ဇနီး ဒေါ်နွယ်နီစိုး၊ (ညီမ)ဒေါ်ခင်အုန်းမြင့်မိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၁၀၁၁၂။ | ဦးစိုးခိုင်နှင့်ဇနီး ဒေါ်သင်းပျံ့ကြူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၁၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုအောင်ဇော်မင်းနှင့်ဇနီး မစုမွန်၊ (သမီး)မသဒ္ဒါထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၄။ | ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်တင်တင်မြိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၅။ | ဒေါ်စိန်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၆။ | ဦးချစ်လှိုင်နှင့်ဇနီး ဒေါ်စောစောမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၇။ | ဦးအောင်သူဟိန်းနှင့်ဇနီး ဒေါ်မင်းမင်းစန်းမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၈။ | ဦးဇင်မင်းထွန်းနှင့်ဇနီး ဒေါ်အိရွှေစင်စိုးလွင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၉။ | ကွယ်လွန်သူ ဦးလှငြိမ်းအားရည်စူး၍ ဒေါ်မြတ်မွန်အောင် ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၀။ | ဦးကျော်ရွှေနှင့်ဇနီး ဒေါ်မြသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၁။ | ဒေါ်ယဉ်ယဉ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၂။ | ဦးစောနိုင်နှင့်ဇနီးဒေါ်နန်းမြင့်မြင့်သိန်း၊ မောင်ပြည့်ဖြိုးအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၃။ | ဦးခိုင်ဇော်ဆွေနှင့်ဇနီး ဒေါ်သက်သက်လှိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၄။ | ဦးဝင်းထိုက်နှင့်ဇနီး ဒေါ်ကြည်ကြည်ခိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၅။ | ဦးသန့်ဇင်နှင့်ဇနီး ဒေါ်အောင်သူဇာဝင်းမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၆။ | ကိုကျော်စွာဟိန်းနှင့်ဇနီး မဝေဝေအောင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၇။ | ကွယ်လွန်သူမိဘတို့အားရည်စူး၍ သမီးဒေါ်ခင်လှမွန် ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၈။ | ဦးသန်းစိန်နှင့်ဇနီး ဒေါ်မီမီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၉။ | ဦးမိုးဇော်နှင့်ဇနီး ဒေါ်စန္ဒာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၀။ | ဦးချစ်ဆွေနှင့်ဇနီး ဒေါ်နီနီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၁။ | ဒေါ်သင်းထက်အောင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၂။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်မာမာဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၃။ | ဒေါက်တာတိုးတိုးဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၄။ | ဦးခင်မောင်လှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၅။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်နှင်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၆။ | ဦးအောင်ကျော်ညွန့်နှင့်ဇနီး ဒေါ်မြင့်သန္တာ၊ (သား)ကိုကျော်သီဟမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၇။ | ကွယ်လွန်သူဦးမောင်ချိုအားရည်စူး၍ ဒေါ်နီနီစိုး ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၈။ | ဦးပြည့်ဖြိုးမော်နှင့်ဇနီး ဒေါ်ဖြိုးဖြိုးအေး၊ (သား)မောင်ဘုန်းမြတ်၊ မောင်ဟိန်းသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၃၉။ | ဦးအောင်ကျော်ထွန်းနှင့်ဇနီး ဒေါ်စံသိန်းမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၀။ | ကိုဝင်းနိုင်နှင့်ဇနီး မဌေးဌေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၁။ | ဦးစိုင်းငွေစိုးနှင့်ဇနီး ဒေါ်နန်းမေသောင်းခင်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၂။ | ဆရာတော်အရှင်ကုသလကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၃။ | ဦးမောင်မောင်ကြည်နှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၄။ | ဦးမျိုးမင်းဦးနှင့်ဇနီး ဒေါ်အေးအေးခိုင်၊ (သား)မောင်ဖွဲ့ရန်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၅။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးသန့်ဇင်နှင့်ဇနီး ဒေါ်နီလာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၆။ | ဒေါ်မြလေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၇။ | ဦးမောင်မောင်သန့်စင်နှင့်ဇနီး ဒေါ်မြမြအေးမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၈။ | ဦးချမ်းမြေ့ကိုကိုနှင့်ဇနီး မနီနီဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၉။ | မနှင်းမြတ်နိုးဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၀။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါ်စုစုရွှေမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၁။ | ဦးကြင်ရွှေနှင့်ဇနီး ဒေါ်အုန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၂။ | ဦးချစ်ဆွေနှင့်ဇနီး ဒေါ်ညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၃။ | ကွယ်လွန်သူကိုအောင်သူဟိန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၄။ | ဦးအောင်အောင်ကျော်သူနှင့်ဇနီး ဒေါ်မျိုးစန္ဒီအောင်၊ (သား)မောင်သုထက်အောင်၊ မောင်မြတ်ထက်အောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၅။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘ၊ ခင်ပွန်းနှင့် မောင်တို့အား ရည်စူး၍ ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၆။ | ဦးကျော်စန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၇။ | ဦးမင်းမင်းဝင်းနှင့်ဇနီး ဒေါ်ယုယုဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၈။ | ဦးဌေးလွင်နှင့်ဇနီး ဒေါ်သန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၉။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်တင်တင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၆၀။ | ဦးအောင်မြင့်ဆွေနှင့်ဇနီး ဒေါ်တိုးတိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၆၁။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဒေါ်စုစုသန်းကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**







## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူသော လူနာများအတွက် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ခတ်မှန်ခန်းသုံးပစ္စည်းများ၊ Consumable များ၊ Consumable for Speciality များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၂၃-၅-၂၀၂၅)
တင်ဒါပိတ်မည့် ရက်နှင့်အချိန် - (၅-၆-၂၀၂၅)ရက် (ကြာသပတေးနေ့) ညနေ (၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
ဖုန်း၊ ၀၂-၂၈၄၇၆၁၃

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(F-၁၅၆)ရှိ မြေကွက်ပေါ်တွင် ဒေါ်ရီရီကျော်(မောင်) ဦးရွှေနိုင်ဝင်း(၉/မခန(နိုင်)၁၄၈၆၅၄) ကိုင်ဆောင်သူမှ အလျား ၂၄'-၀"၊ အနံ ၃၇'-၀" RC (၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထကခွဲ (လ-၂၅)၊ Grade-3 တွင် ပညာသင်ကြားမည့် (ဘ) ဦးရဲအောင်၏သမီး မခင်ရတီအား **မခင်သဇင်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မခင်သဇင်

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရောထွန် ၁၊ စ ရပ်ကွက်နေ ဦးအောင်ကိုမင်း + ဒေါ်စန်းစန်းရီ တို့၏သမီး မမေဇင်ဖူးနွယ်အား **မနှင်းဝတီဦး**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မနှင်းဝတီဦး

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ ဦးပိုင်အမှတ်(၁၇၅/ခ)ရှိ မြေကွက်ပေါ်တွင် ဒေါ်ရီ(၉/မခန(နိုင်)၀၂၄၁၃၃)ကိုင်ဆောင်သူမှ အလျား ၂၇'-၀"၊ အနံ ၁၆'-၀" Ironframe (၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## အမည်မှန်


တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ မြို့မအခြေခံပညာအလယ်တန်းကျောင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် G-9 တွင် ပညာသင်ယူခဲ့သော မသီတာစဉ်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မခင်ခက်ခက်ခိုင်**ဖြစ်ပါကြောင်း။ **မခင်ခက်ခက်ခိုင်**




## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(A)၊ ဦးပိုင်အမှတ်(၃၄၄)ရှိ မြေကွက်ပေါ်တွင် ဦးဝင်းဆွေ(သမီး) မကေသွယ်စိုး(၉/မခန(နိုင်)၁၄၉၀၅၉)ကိုင်ဆောင်သူမှ အလျား ၃၀'-၀"၊ အနံ ၂၅'-၀" RC (၃)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့







**သင့်သွေးဖြင့် အသက်ကယ်ပါ**

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကြီးများသည် အရေးပါသည့် အခန်းကဏ္ဍမှ အထောက်အကူပြုစွမ်းဆောင်ပေးလျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ပြုလုပ်သော (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၂

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မေ ၂၃ ရက်မှ ၃၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် **စာမျက်နှာ ၂၅ ကော်လံ ၁** ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊NUG၊PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို တွေ့ရစဉ်။

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင်

နေပြည်တော် မေ ၂၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် ယနေ့မှ ဇွန် ၁ ရက်ထိ သတ်မှတ်၍ ကျောင်းအပ်နှံမှုလက်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် **စာမျက်နှာ ၂၄ ကော်လံ ၁** ☆

**ငါတို့မှ မလုပ်ရင်...** ဆောင်းပါး စာမျက်နှာ- ၂၀

